/SHI

# EXHIBITION

## YANGON

12 NOV 2022-12 JAN 2023

/ရှိ

# အိဇ္ဇဘီးရှင်း

## ရန်ကုန်

၁၂ နိုဝင်ဘာ ၂၀၂၂ ~ ၁၂ ဇန်နဝါရီ ၂၀၂၃

ဒုတိယ
အကြိမ်

SECOND
EDITION

EXHIBITION
GUIDE BOOK

GOETHE
INSTITUT

#ygn_shi

Initiated and funded by
*Goethe-Institut Myanmar*

GOETHE INSTITUT

Artworks by

+RE CON NECT

Curated by

Curation Services Exhibition

*Sid Kaung Sett Lin*
*Diana Nway Htwe*
*Min Chit Paing*

# /SHI EXHIBITION

In partnership with

MYANM/ART

KaLaSa ART SPACE

DOH EAIN renewing places

12 NOV `22- 12 JAN `23
Yangon, Myanmar

ဒီစာအုပ်လေးက အိမ္ဗဘီးရှင်း ကတ်တလောက် တစ်ခုထက်ပိုပါတယ်။ အိမ္ဗဘီးရှင်းတစ်ခုလုံးမှာ ဘယ်လိုပါဝင်ရမလဲဆိုတဲ့ လမ်းညွှန်စာအုပ်လေးတစ်အုပ်လည်း ဖြစ်ပါတယ်။ ဒီလမ်းညွှန်စာအုပ်လေးထဲမှာတော့ /ရှိ အိမ္ဗဘီးရှင်း အကြောင်း၊ ပါဝင်ခဲ့သူတွေ၊ အနုပညာရှင်တွေ၊ အနုပညာလက်ရာတွေ အပြင် ပြခန်းတွေ၊ အစီအစဉ်တွေ နဲ့ ဘတ်စ်ကားမှတ်တိုင်တွေ အကြောင်း ပါဝင်ပါတယ်။ ရန်ကုန်မြို့၊ မြို့နယ် (၅)ခုရဲ့ နေရာ (၇) ခုမှာ တစ်ပြိုင်တည်း တင်ဆက် ပြသထားတဲ့ အိမ္ဗဘီးရှင်းတွေ အားလုံးဆီကို လှေ့လာလည်ပတ်ဖို့ အတွက် လမ်းပြမြေပုံနဲ့ အိမ္ဗဘီးရှင်း ပြသနေတဲ့ အချိန်ကာလအတွင်း တစ်နေ့တာ အစီအစဉ်တွေကို ဖော်ပြထားပါတယ်။ အိမ္ဗဘီးရှင်း ပြီးသွားရင်လည်း ဒီလမ်းညွှန်စာအုပ်လေးကို မှတ်တမ်းအဖြစ်လည်း သိမ်းဆည်းထားနိုင်ပါတယ်။ ဒီစာအုပ်လေးကို အိမ္ဗဘီးရှင်းတွေမှာ အခမဲ့ ရယူပါ။ /ရှိ ကပ်ခွာလေးတွေကို သွားခဲ့တဲ့အနုပညာပြခန်း တွေမှာ ရယူလိုက်ပါ။ အိမ္ဗဘီးရှင်းကိုလည်း အခမဲ့ လာကြည့်နိုင်ပါတယ်။



This little book is more than just an exhibition catalog. It is also a guidebook to the art, artists, spaces, bus stops, events and happenings throughout the exhibition. You may collect this book at the spaces and collect the various /ရှိ stickers across the different venues as you explore Yangon. All venues are free to enter. See you at */Shi*!

# မာတိကာ

# CONTENT


10-11 /ရှိ အကြောင်း
About *'/Shi'*

12-20 ဒါရိုက်တာအမှာစကား
Director’s Message

21 'ပြန်လည်ချိတ်ဆက်' အကြောင်း
About 'Reconnect'

22 *'Reconnect'* Artists
23 *'/Shi'* Artists

24-27 အိစ္ဆာဘီးရှင်း ဖော်ပြချက်
Exhibition Statement

28-33 ကျူရေတိုရီရယ်အဖွဲ့ထုတ်ပြန်ချက်
Curatorial Team Statement

34-35 **Feature Artist #1**

51-52 **Feature Artist #2**

64-65 **Feature Artist #3**

68-69 **Feature Artist #4**

82-83 **Feature Artist #5**

59-63 ပွဲအစီအစဉ်
Program List

84 ဘတ်စ်ခရီးစဉ်/ရှိ
Bus Tour/Shi

85 အနုပညာစာမူစာတမ်း/ရှိ
Symposium/Shi

86-89 ဂီတ/ရှိ
Music/Shi

90 ဗီဒီယိုရုံ/ရှိ
Screening/Shi

91 တခဏပြပွဲ/ရှိ
Performance/Shi

92-93 အနုပညာစာမူ၊ စာတမ်းဖိတ်ခေါ်ခြင်း
Art Writing Open Call

36-50 **Venue:**
ရေခဲဆိုင်/ရှိ
Yae-Khae-Saing/Shi

Goethe-Institut Myanmar

40-43 **Venue Artworks**
(Part 1)

44-50 **Venue Artworks**
(Part2)

53-56 **Venue:**
ဘိုကလေးဈေး/ရှိ
Bogalayzay/Shi

Doh Eain
ဒို့အိမ်

54 **Venue Exhibition**

55-56 **Venue Artworks**
(Part 1)

57-58 **Venue:**
၄၆လမ်း/ရှိ
46-Lan/Shi

Doh Eain
ဒို့အိမ်

58 **Venue Artworks**
(Part 1)

66-67 **Venue:**
ပန်းဆိုးတန်း/ရှိ
Pansodan/Shi

Lokanat Galleries
လောကနတ် အနုပညာပြခန်း

67 **Venue Exhibition**

70-72 **Venue:**
မော်တင်/ရှိ
Maw-Tin/Shi

Myanm/art

71 **Venue Artworks**
(Part 1)

72 **Venue Artworks**
(Part2)

73-77 **Venue:**
ဆိပ်ကမ်းသာ/ရှိ
Seikkantha/Shi

Kalasa Art Space
ကလသာ အနုပညာပြခန်း

75-76 **Venue Program**

77 **Venue Artworks**
(Part 1)

78-81 **Venue:**
အောင်မင်္ဂလာ/ရှိ
Aung-Mingalar/Shi

Ayathakan
အရသာခံ

79 **Venue Exhibition**

80-81 **Venue Artworks**
(Part 1)

## GOETHE-INSTITUT MYANMAR

Director
*Mona Kriegler*

Cultural Program Coordination
*Haymann Oo, Kaiza Tin Moong*

Cross-departmental Public Relations
*Wint Pwint Phyu Aung*

Assistant Digital Communication
*Zin Wai Naing*

## CURATORIAL TEAM & PROGRAM COORDINATION

Curator & Programme Director
*Sid Kaung Sett Lin*

Curatorial Coordinator & Research
*Diana Nway Htwe*

Programme Manager & Communication
*Min Chit Paing*

Assistants to the Curatorial Team
*Yadanar Aung, Khine Thazin Aung, Wai Yan Aung*

General Coordinator
*Nang Si Monn Tip*

Assistant to the General Coordinator
*Zaw Win*

A/V Technician & Video Mapping artist
*Winston (Kyaw Zin Thant)*

Exhibition Branding & Editorial Design
*Zune Htet*

တည် “ရှိ”
ရောက် “ရှိ”
ထွက် “ရှိ”
တွေ့ “ရှိ”
ရ “ရှိ”
လက် “ရှိ”




# /ရှိ အကြောင်း

/ရှိ က မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ ကျင်းပမယ့် အနုပညာပြပွဲတစ်ခုဖြစ်ပါတယ်။ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ၊ (၁၂) ရက်နေ့ကနေ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ၊ (၁၂) ရက်နေ့ အထိ (၄၄) ရက် ကြာမြင့်မယ့် အိဇ္ဇဘီးရှင်း တစ်ခုဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ ကျောရိုး ဗီဇဖြစ်တဲ့ ဘတ်စ်ကား လမ်းကြောင်းများပေါ်မှာ အခြေခံထားတဲ့ မြို့တွင်းရှိ နေရာ (၇) ခုကို ဂရုတစိုက် စီစဉ်ထားပြီးတော့ အနုပညာရှင်ပေါင်း (၅၀) ကျော်ရဲ့ အနုပညာလက်ရာပေါင်း (၄၀) ကျော်ကို လေ့လာစူးစမ်းဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

# ABOUT /SHI

*/Shi* is an art exhibition in the city of Yangon, Myanmar. */Shi* is on for 44 days from 12 November 2022 to 12 January 2023. Based on bus routes, the backbone of Yangon's DNA, you are invited to explore 40+ artworks by 50+ artists and creatives carefully orchestrated across 7 venues across the city.

# /SHI (/ရှိ အိဓ္ဓဘီးရှင်း) ပြပွဲသို့ လာရောက်ကြသော စာဖတ်သူများနဲ့ ဧည့်သည်တော်များရှင့် . . .

၂၀၂၀ ခုနှစ်မှာ Goethe-Institut Myanmar က Reconnect အနုပညာစီမံချက်အား စတင် ဆောင်ရွက်ခဲ့ပြီး၊ ဒေသခံအနုပညာရှင်တို့ လုပ်ဆောင်ဖို့ မျှော်လင့်ထားကြတဲ့ အနုပညာစီမံချက်တစ်ခုအတွက် ထုတ်လုပ်ရေးထောက်ပံ့ကြေးများ လျှောက်ထားနိုင်ရန် အားလုံးကို ဖိတ်မန္တကပြုခဲ့ပါတယ်။ Reconnect အနုပညာစီမံချက်ရဲ့ ရည်ရွယ်ချက်ဟာ အဆက်အစပ် ပြတ်တောက်နေချိန်ကာလမျိုးမှာ အနုပညာနယ်ပယ်အားလုံးနဲ့ ဖွံ့ဖြိုးမှုအဆင့်အသီးသီးတို့မှ အနုပညာရှင်တို့ အတွက် အနုပညာလက်ရာတွေ ဆက်လက် ထုတ်လုပ်နိုင်စေဖို့ပါ။ ၂၀၂၁ခုနှစ်မှာလည်း ထပ်မံဖိတ်ခေါ်ခဲ့ပြီး၊ ထုတ်လုပ်မှု ထောက်ပံ့ကြေးပေါင်း ဖ၈ ခုကို လွတ်လပ်အနုပညာစုပေါင်းအဖွဲ့များနဲ့ တစ်သီးပုဂ္ဂလ အနုပညာရှင်များအတွက် ထောက်ပံ့ချီးမြှင့်နိုင်ခဲ့ပါတယ်။

*Shi* **(/ရှိ)** ဆိုတဲ့ စကားလုံးဟာ အဓိပ္ပါယ်အမျိုးမျိုးရှိပြီး၊ ဒီနေရာမှာတော့ ဒီနေရာမှာ ရှိခြင်း၊ ရှိနေခြင်း လို့ အဓိပ္ပါယ်ရပါတယ်။

*/Shi* **(/ရှိ အိဓ္ဓဘီးရှင်း)** ပြပွဲဟာ Reconnect အနုပညာစီမံချက်ကို အနုပညာရှင်များ၊ အခြားအနုပညာရှင်များရဲ့ ကျယ်ကျယ်ပြန့်ပြန့်၊ မတူကွဲပြားတဲ့အမြင်များ ပါဝင်ရအောင် အသေအချာ တင်ဆက် ထားပါတယ်။ ဒါတွေဟာ ပြခန်းတာဝန်ခံများ ဖြစ်ကြတဲ့ Sid Kaung Sett Lin ၊ Diana Nway Htwe ၊ Min Chit Paingနဲ့ Nang Si Monn Tip တို့ရဲ့ အံ့မခန်း ကြိုးစားအားထုတ်မှုကြောင့်ပါ။

တင်ပြမှုစင်မြင့်တစ်ခုကို ဖွင့်လှစ်ရာမှာ ချိတ်ဆက်မှုနဲ့ ဆက်သွယ်မှု တို့ဟာ အခရာကျပါတယ်။ ဒါမှလည်း ပိုပြီးကျယ်ကျယ်ပြန့်ပြန့်သိမြင်နိုင်မှာဖြစ်ပြီး၊ မြန်မာနိုင်ငံရဲ့ လတ်တလော အနုပညာ နယ်ပယ်ကို ဘယ်အရာကရွေ့လျားစေတယ်၊ ဘယ်အရာနဲ့ ထိပ်တိုက်ကြုံတွေ့နေတယ် စတာတွေကိုသိရှိကာ၊ အနုပညာလက်ရာတွေကို ဖန်တီးလုပ်ကိုင်နိုင်မှာပဲဖြစ်ပါတယ်။ ဒါတွေထဲမှာ နေရာခွင်သီးသန့်နဲ့ လျှပ်တစ်ပြက်ပါဝင်မှုတွေကနေ တာဝန်ပေးလက်ရာအသစ်များအထိ ပါဝင်ပါတယ်။ အဟောင်းနဲ့ အသစ်၊ အန်နာလော့ခ်နဲ့ ဒီဂျစ်တယ်၊ ပန်းချီနဲ့ ဓာတ်ပုံ၊ ပန်းပုနှင့် တပ်ဆင်ခြင်းအနုပညာစတဲ့ အနုပညာလက်ရာတွေကို တစ်နေရာထဲမှာပဲ ပြပွဲတစ်ခုနဲ့တစ်ခု ဆက်စပ်ပြသထားပြီး၊အမြင်ပိုင်းနဲ့စကားပြောခြင်းတစ်ရပ်ကို မိတ်ဆက်ထားတာမို့၊ စုပေါင်းညှိနှိုင်း ဆောင်ရွက်မှုအကျိုးရလဒ် အသစ်များနဲ့၊ ထူးခြားခြင်းတွေကို သိရှိသွားမှာဖြစ်ပါတယ်။

*/Shi* **(/ရှိ)** ပြပွဲကနေ အတွေ့အကြုံအသစ်များလည်းရ၊ ကွဲပြားခြားနားမှုတစ်ခုခုကိုလည်း ရရှိမှာပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် အချိန်နဲ့ အတိုင်းအတာ၊ ပုံသဏ္ဍာန်နဲ့ အနှစ်အသားမှာရှိတဲ့ သာမန်အရာတွေထဲ က တစ်ခုခုကိုတောင် ရရှိသွားနိုင်ပါတယ်။

ဒီပြပွဲရဲ့ နောက်ထပ်သဘောတရားကတော့ ပြပွဲလာသူဧည့်သည်တွေကို (တစ်မူထူးခြားပြီး၊ သမိုင်း အဟောင်းရော၊ ဖြစ်ထွန်းပေါ်ပေါက်လာစသမိုင်းအသစ်တို့ရောရှိတဲ့) အနုပညာနေရာအမျိုးမျိုးဆီကို တည်နေရာလည်းအဖြစ်လည်းယူ၊ ပိုပြီးလည်းအရေးပါ၊ အမှတ်တရအဖြစ်လည်းမှတ်ယူလို့ရတဲ့ မြို့တစ်ပိုက်နဲ့ မြို့အတွင်း ရွေ့လျားသွားလာတဲ့ လူထုသယ်ယူ ပို့ဆောင်ရေး ဘတ်စ်ကားမှတ်တိုင် များမှတစ်ဆင့် အဓိက လမ်းညွှန်ပြသပေးလိုခြင်းပါ။ ဘတ်စ်ကားမှတ်တိုင်တွေဟာ လူများစွာအတွက် အရေးပါနေဆဲ ဖြစ်ပြီး၊ နေရာဒေသတွေကို တစ်ခုနဲ့တစ်ခု ဆက်သွယ်ပေးကာ၊ ရပ်ရွာများနဲ့ အနီးဝန်းကျင် စရိုက်လက္ခဏာ များကိုလည်း ချိတ်ဆက်ထားပါတယ်။ */Shi* **(/ရှိ)** ပြပွဲဟာ လွတ်လပ်စွာ ရွေ့လျားမှု၊ သွားလာမှုကို ဖော်ပြခြင်းလည်းဖြစ်ပါတယ်။ ပြပွဲတစ်ပွဲလုံးကို ကြည့်နိုင်ဖို့၊ အကြောင်းအရာနဲ့ အဆက်အစပ်တွေကို အပြည့်အဝနားလည်နိုင်အောင် ကျွန်မတို့ဟာ တစ်နေရာမှ တစ်နေရာကို သွားရမှာဖြစ်မှာပါ။ အဖွဲ့အစည်းအသီးသီး၊နေရာကွက်လပ်များနဲ့ နေရာဌာနများ အားလုံးပါဝင်နိုင်အောင် ချည်းကပ်လုပ်ဆောင်ရာမှာ ကျွန်မတို့အနေနဲ့ အဓိပ္ပါယ်အရှိဆုံး ဖော်ပြနိုင်တာက ပါဝင်ခြင်း၊ ဆက်ဆံခြင်း၊ ချည်းကပ်နိုင်ခြင်းနဲ့ ဆက်သွယ်နိုင်ခြင်းတို့ပဲဖြစ်ပါတယ်။ “ထိတွေ့ခွင့်မရခြင်း”လို့ တိုက်ရိုက်အရရော၊ တင်စားချက်အရရော ဆိုလိုရင်းကို ကျွန်မတို့ နားလည်မိတာက အဆက်အသွယ်မရှိခြင်း ဆိုတဲ့အဓိပ္ပါယ်ပါပဲ။ */Shi* **(/ရှိ)** ပြပွဲရဲ့ ဆိုလိုရင်းက အရာရာကို “ပြန်လည်ထိတွေ့နိုင်”ဖို့ပါ။

အတူတကွဖန်တီးတယ်၊ ထုတ်လုပ်ပြီး၊ ဗဟုသုတကို ဖလှယ်တယ်ဆိုတာ အမှန်တော့ အရင်တုန်းက ကျွန်မတို့ ဆက်သွယ်လို့မရတဲ့ သူတွေအားလုံးနဲ့ ဆက်သွယ်တာ Reconnecting လုပ်တာဖြစ်ပြီး၊ လူတွေ၊ နေရာကွက်လပ်တွေနဲ့ အနုပညာကို တစ်ခုနဲ့တစ်ခု တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတွေ့စေတာပါ။ ဒါကြောင့် အသိုင်းအဝိုင်းတွေ နိုးထလာပြီး၊ ပေါင်းသင်းဆက်ဆံမှုတွေ ပြန်လည် ဖြစ်ထွန်းလာတယ်။ လူမှုဆက်ဆံရေးကိုလည်း မြှင့်တင်ပေးပါတယ်။

ပြောဆိုတင်ပြခြင်း အမျိုးပေါင်းငါးဆယ်ကျော် ပါဝင်တဲ့ အနုပညာ၊ အနုပညာရှင်များနဲ့ အနုပညာ နေရာတွေဟာ ပရိသတ်အသစ်၊ ပရိသတ်အဟောင်းတို့နဲ့ စကားစမည်ပြောဆိုကြရင်း၊ အဓိက ဆက်သွယ်သူများအဖြစ် ဆောင်ရွက်ကြကာ၊ အရာရာကို နည်းလမ်းအသစ်များဖြင့် ပေါင်းစပ်ရင်း ရှင်သန်စေမှာပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း မြဲမြံတဲ့ အဆက်အသွယ်ပြတ်တောက်ခြင်းရဲ့ ကွက်လပ်တွေကိုတောင်မှ ပိတ်ပစ် လိုက်နိုင်ကောင်းပါရဲ့။ */Shi* **(/ရှိ)** ပြပွဲဟာ ဖြတ်သွားဖြတ်လာလူများနဲ့ “အနုပညာကို မသိတဲ့” ပရိသတ်ကိုပါ ဝင်လာကြည့်ဖို့ ဖိတ်ခေါ်ပါတယ်။ */Shi* **(/ရှိ)** ပြပွဲဟာ မျိုးဆက်တွေတစ်ခုနဲ့တစ်ခု အပြန်အလှန်ပေါင်းစပ်တာ၊ “နေရာဌာန

အပြန်အလှန်ပေါင်းစပ်တာ” ဖြစ်တဲ့အတွက် ၎င်းရဲ့ပတ်ဝန်းကျင်၊ မတူကွဲပြားတဲ့စစ်မှန်ခြင်းအမျိုးမျိုးတို့နဲ့ အပြန်အလှန် ဆက်သွယ်ထားပါတယ်။ ပြပွဲကြောင့် ကျွန်မတို့ဟာ စိတ်ကူးပုံဖော်နိုင်မယ်၊ ကျွန်မတို့မှာ မျှော်လင့်ချက်တွေ ဖြစ်လာနိုင်ပါတယ်။

ကိုလိုနီစနစ်နောက်ခံအတွေးအခေါ်ရဲ့ အဓိက အရေးအသားဖြစ်တဲ့ Édouard Glissant ရဲ့ Poetics of Relation (1990) ကို အမှတ်ရမိရင်း၊ “အမျိုးအမည်သတ်မှတ်ချက်တစ်ခုစီတိုင်းသည် တစ်ခြားအရာ နှင့် ဆက်သွယ်ပေါင်းစပ်ခြင်းဖြင့် ကျယ်ပြန့်ရသည်” (၁၁) ဆိုတဲ့ အယူအဆကို ထင်ဟပ်ပါ တယ်။ */Shi* **(/ရှိ)** ပြပွဲဟာ ကဗျာဆက်သွယ်မှုများရဲ့ ပုံသဏ္ဍာန်ဖော်ပြချက်တစ်ခုပဲ ဖြစ်ပါတယ်။ သူ့ရဲ့ အလှဗေဒကို အပြန်အလှန်ဆက်သွယ်တဲ့အရာများနဲ့ အဓိပ္ပါယ်သတ်မှတ်ရုံမကဘဲ၊ အလွှာအမျိုးမျိုးနဲ့ လူမှုယဉ်ကျေးမှု၊ နိုင်ငံရေးထိတွေ့မှုတို့နဲ့ပါ အဓိပ္ပါယ်သတ်မှတ်ပါတယ်။

*/Shi* **(/ရှိ)** ပြပွဲဟာ တက်ကြွခြင်းတစ်ခုကို ဖြစ်စေပြီး၊ အခြေအနေတွေကိုရော၊ ဆက်သွယ်မှု တဒင်္ဂတွေကိုရော ဖန်တီးပေးရုံသာမကပဲ၊ ထိတွေ့မှုကိုလည်းဖြစ်စေပြီး၊ “ဆက်စပ်မှုစွမ်းအင်”ရဲ့ အဓိပ္ပါယ်ဘယ်လောက် ရှိသလဲဆိုတာကို မီးမောင်းထိုးပြပြီး၊ မရေရာမသေချာတဲ့အချိန်တွေမှာတောင် ခိုင်မြဲတဲ့အရာ၊ အခြေခံများကိုသင်ကြားပေးခြင်းဖြစ်ကြောင်း ပြသနေတာပါပဲ။

*/Shi* **(/ရှိ)** ဟာ ကမ္ဘာနဲ့ ဒေသတွင်းအနုပညာလောကဆီကို အကျယ်တဝင့်ပြောပြချက်ဖြစ်တဲ့ ကျွန်ုပ်တို့ တည်ရှိနေဆဲဖြစ်တယ် ဆိုတဲ့ အကြောင်းခြင်းရာကို အသိပေးတာ ဖြစ်ပြီး၊ ကျွန်မတို့ဟာ သူ့ရဲ့ပါဝင်မှု အတွက် နေရာတစ်နေရာကို တောင်းဆို နေဆဲပါ။ တစ်သီးပုဂ္ဂလဖြစ်စေ၊ အစုအပေါင်းဖြစ်စေ အနုပညာနဲ့ ယဉ်ကျေးမှုအသိုင်းအဝိုင်းတွေဟာ ရှင်သန်ဖို့ ရုန်းကန်နေရဆဲဖြစ်ပြီး၊ အခက်အခဲတွေ ရှိပါတယ်။ ဒီလိုမရေရာ မသေချာတဲ့အချိန်တွေမှာ အနုပညာရှင်တွေဟာ ဆက်လက် လုပ်ဆောင်နေရပါတယ်။ ထုတ်လုပ်တာကို လုပ်ဆောင်ရတယ်၊ ကျွန်မတို့ပတ်ဝန်းကျင်လောကရဲ့ အဓိပ္ပါယ်ကို ကျွန်မတို့ သိနားလည်လာအောင်ကူညီပေးတယ်၊ အဖိုးမဖြတ်နိုင်တဲ့ သုံးသပ်ချက်တွေ၊ အမြင်တွေကို ပေးတယ်။ ဒါဟာ သတ္တိပါပဲ။

*/Shi* **(/ရှိ)** ဟာ မြို့နဲ့ နိုင်ငံတို့ရဲ့နယ်နိမိတ်တွေရဲ့အထက်ကို ကျော်ပြီး အသိပေးခြင်းလည်း ဖြစ်ပါတယ်။ အနုပညာအခင်းအကျင်းဟာ ဒီမှာတည်ရှိနေဆဲပဲလို့ ဆိုလိုတာပါ။ ဘဝင်မကျပေမဲ့ အနုပညာကို ထုတ်လုပ်နေတယ်။ ယေဘုယျပြဋ္ဌာန်းချက်ကို ကျော်လွန်ပြီးလည်း အနုပညာကိုထုတ်လုပ် နေပါ တယ်တဲ့။ (here! ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ အနာဂတ်မှာ ဘယ်မှာပဲရှိရှိပါ။) ဒီမှာ here! ဒီနေရာမှာ အဖြစ် ရှိနေတုန်းပဲ။ */Shi* **(/ရှိ)** ဟာ အခက်ခဲဆုံးအချိန်မျိုးမှာမှ အသက်ဝင်လာခြင်းပဲဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်မပြောကြားချင်တဲ့အကြောင်းအရာက */Shi* **(/ရှိ)** ပြပွဲရဲ့နောက်မှာရှိတဲ့ ငယ်ရွယ်ပြီး ဖန်တီးနိုင်စွမ်းရှိတဲ့ထူးချွန်သူအဖွဲ့ကို ရည်ညွှန်းပါတယ်။ သူတို့ကိုယ်စားပြုထားတဲ့ မျိုးဆက်တွေကို ရည်ညွှန်းပါတယ်။ ၂၀၂၂ ဇန်နဝါရီလမှာ ရန်ကုန်မြို့ကို ကျွန်မ ပထမဆုံးရောက်ရှိလာချိန်က ကျွန်မကို ကြိုဆိုခဲ့ကြသူတွေနဲ့ မြန်မာနိုင်ငံရဲ့အနုပညာအသိုင်းအဝိုင်းကို ရည်ညွှန်းပါတယ်။

ကျွန်မအနေနဲ့ သူတို့ရဲ့ဗဟုသုတ၊ ထိုးထွင်းသိမြင်မှုနဲ့ ကျွမ်းကျင်မှုတို့ကို ရက်ရက်ရောရောမျှဝေပြီး၊ မြေပြင်မှာယခင်ဖြစ်ပျက်ခဲ့တဲ့၊ ယခုဖြစ်ပျက်နေတဲ့ ရှုပ်ထွေးလှတဲ့အခြေအနေကို သိနားလည်ရအောင် နဲ့ အရေးတကြီးလိုအပ်ချက်များဟာ ဘာဖြစ်တယ်၊ ဘာလိုအပ်တယ် ဒါမှမဟုတ် ဘာတွေမရှိကြတော့ဘူး၊ သဲသဲကွဲကွဲမသိဘဲ ဘာတွေ ဆုံးရှုံးသွားပြီ၊ ဘယ်လမ်းအသစ် ဒါမှမဟုတ် ကွဲပြားတဲ့ လမ်းကြောင်းကို ကျွန်မတို့လျှောက်ရမယ်ဆိုတာကို မျှဝေပေးတဲ့အတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါတယ်။

ကျွန်မနဲ့ ကျွန်မရဲ့အဖွဲ့တွေကို လမ်းညွှန်ပေးခဲ့ကြပြီး၊ Goethe-Institut လို အဖွဲ့အစည်းတစ်ခုအနေနဲ့ ဘာကို အကူအညီပြုနိုင်တယ်၊ လုပ်ဆောင်နိုင်တယ်၊ အဓိပ္ပါယ်ရှိပြီး၊ ပတ်သက်စပ်ဆိုင်တဲ့ယဉ်ကျေး မှုအစီအစဉ်နဲ့ အပြန်အလှန်ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်တစ်ရပ်ကို စတင်ဖော်ဆောင်နိုင်မယ်ဆိုတာကို လုပ်ဆောင်ပြသွားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်တွေမှာ တက်တက်ကြွကြွ နားထောင်ခြင်းဟာ အဲဒီအဓိပ္ပါယ်သတ်မှတ်ချက်ပါပဲ။

ဒီပြပွဲစီမံချက်ရယ်၊ ပြပွဲရဲ့အမျိုးစုံတဲ့အစီအစဉ်တွေဟာ ကျွန်မတို့ရဲ့ ဆက်ဆံမှုကို ကျယ်ပြန့်စေနိုင်မယ်၊ ပြန်ပြီးလေ့လာနိုင်မယ်၊ အသစ်ဖြစ်တည်နိုင်မယ်လို့ ကျွန်မတို့ မျှော်လင့်ထားပါတယ်။

နိဂုံးချုပ်အနေနဲ့ အောက်ဖော်ပြပါအတိုင်း လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ချင်သူများကတော့

. . .

ပြပွဲတာဝန်ခံအဖွဲ့ဖြစ်ပြီး၊ ပြပွဲတာဝန်ခံအဖွဲ့ဟာ တီထွင်စမ်းသစ်မှု၊ ဖန်တီးနိုင်မှုနဲ့ တတ်ကျွမ်းနားလည်မှုတို့သာမက မဖြစ်စလောက်အချိန်အတိုင်းအတာမှာဘဲ ဒီစိန်ခေါ်မှုရှိလှတဲ့အလုပ်ကို ပွင့်ပွင့်လင်းလင်း လက်ခံလုပ်ကိုင်ခဲ့ပြီး၊ ပါဝင်ဆွေးနွေးသူများစွာ၊ ပါဝင်ဆင်နွှဲသူများစွာတို့နဲ့ လုပ်ကိုင် ဆောင်ရွက်ခဲ့ကြပါတယ်။ သူတို့ရဲ့ ဒေသတွင်းအနုပညာလောက၊ ယဉ်ကျေးမှုအဖွဲ့အစည်းများနဲ့ တက်သစ်စ လူငယ်လူရွယ် အနုပညာရှင်တွေအပေါ် ထိုးထွင်းသိမြင်ထားမှု တွေကို ဒီပြပွဲမှာ ကျွန်မတို့ မြင်တွေ့၊ ထိတွေ့ရမှာဖြစ်ပါတယ်။

နောက်ထပ် ကျေးဇူးတင်ရမှာက ကျွန်မတို့ရဲ့ ကျင်းပရာနေရာတွဲဖက်များဖြစ်ကြပြီး၊ ပါဝင်ကြတဲ့ အနုပညာရှင်များစွာကို ယုံကြည်၊ လက်တွဲလုပ်ဆောင်ခဲ့ကြခြင်း၊ */Shi* **(/ရှိ)** ပြပွဲရဲ့ အစိတ်အပိုင်းအဖြစ် ပွင့်ပွင့်လင်းလင်း ပါဝင်ခဲ့ကြလို့ပါ။ သူတို့မှာ သိသာထင်ရှားတဲ့ကိုယ်ပိုင်သမိုင်းတွေရှိကြပါတယ်။ တစ်ချို့ဆို အရေးအကြီးဆုံးဖြစ်တဲ့ ယဉ်ကျေးမှုနေရာဌာနများ ရှားပါးနေချိန်မှာ တစ်ခြားတက်သစ်စ အနုပညာရှင်များ၊ အနုပညာလောကနဲ့ အနုပညာရှင်များအတွက် အရှည်ကြာဆုံးအထောက်အပံ့များပင် ဖြစ်ခဲ့ကြပါတယ်။

နောက်ထပ်ကျေးဇူးတင်ရမှာက ခေတ်ပြိုင်အနုပညာမြင်ကွင်းကို နေရာဌာနအဖြစ် ထောက်ပံ့ပေးသော Myanm/art၊

နောက်ထပ်ကျေးဇူးတင်ရမှာက ၁၉၆၃ ခုနှစ်များဆီကတည်းက Goethe-Institut နှင့် အတူ ပြပွဲများ စီစဉ်ကျင်းပခဲ့ပြီး ဖြစ်ပြီး၊ ထိုစဉ်က ပါဝင်ခဲ့ကြသော အနုပညာရှင်များစွာတို့သည် မြန်မာနိုင်ငံ၏ ဦးဆောင် အနုပညာလောကတွင် အစိတ်အပိုင်းအဖြစ် ပါဝင်နေကြတဲ့ Lokanat Galleries၊

ရည်ရွယ်ချက်စုံ၊ တိုင်းပြည်ရဲ့ စိတ်ဝင်စားဖွယ် အနုပညာသမိုင်းနှင့် အမှတ်တရ တစ်ချို့နှင့် ပြည့်နှက် နေသော အနုပညာနေရာအဖြစ် ကြိုဆိုသော Kalasa ပြခန်း၊

အနုပညာများ ရှင်သန်ဖြစ်ထွန်းဖို့အတွက် အရေးတကြီး လုပ်ဆောင်သော ငယ်ရွယ်ပြီး၊ ခွန်အားပြည့်လှတဲ့ Ayathakan၊

ယဉ်ကျေးမှုအမွေအနှစ်နဲ့ ဗိသုကာဆိုင်ရာ

ပြန်လည်ထိန်းသိမ်းရေးနယ်ပယ်မှာရပ်ရွာအသိုင်းအဝိုင်းက ဦးဆောင်မောင်းနှင်ပြီး၊ အံ့သြသင့်စရာအလုပ်လုပ်ကိုင်တဲ့ Doh Eain ၊

ဒီနေရာတွေဟာတွေ့ဆုံပွဲနေရာများအဖြစ်ရော၊ အစည်းအဝေးကျင်းပရာနေရာ ဒါမှမဟုတ် ချိတ်ဆက်ရာနဲ့ တင်ဆက်ရာ စင်မြင့်များဖြစ်ပေးခဲ့ကြပါတယ်။ အနုပညာများဆက်လက် ဖန်တီးနိုင်ဖို့နဲ့ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်နဲ့ ၎င်းရဲ့ သမိုင်းကို ထိန်းသိမ်းဖို့၊ ကာကွယ်ဖို့ ကျွန်မတို့က လည်း ထောက်ပံ့ရာမှာ ခိုင်ခိုင်မာမာ ရပ်တည်ထားပါတယ်။

Reconnect မှ ပါဝင်ဆင်နွှဲကြသော အနုပညာရှင်များအားလုံးတို့ကိုလည်းကောင်း၊

ထိုမှတစ်ဖန် –

ဒီဇိုင်နာ Zune Ei Htet ကိုလည်း ကျွမ်းကျင်မှု၊ စိတ်ရှည်နိုင်မှုတို့အတွက်လည်းကောင်း၊

ကျွန်မတို့ရဲ့ ပုံနှိပ်ရေးတွဲဖက် Xenon ကိုလည်း လို လို လား လား ထော က် ပံ့ ပေး မှု အ တွ က် လည်းကောင်း၊

နောက်ကွယ်မှ လုပ်ကိုင်ဆောင်ရွက်ပေးသော စေတနာ့ဝန်ထမ်းများ၊ ကျွမ်းကျင်သူများအားလုံးတို့ကို လည်းကောင်း၊

Goethe-Institut Myanmar ရဲ့ ယဉ်ကျေးမှုအစီအစဉ် ညှိနှိုင်းဆောင်ရွက်ရေးရာ တာဝန်ရှိသူများဖြစ်တဲ့ Haymann Oo နဲ့ Kaiza Tin Moong တို့ကိုလည်း သူတို့ရဲ့ စဉ်ဆက်မပြတ်လုပ်ဆောင်ပေးမှုတွေအတွက်လည်းကောင်း၊

ယခင် ယဉ်ကျေးမှုမန်နေဂျာ Zon Sabal Phyu ကိုလည်း သူမ၏ကြီးလေးသောအလုပ်၊ စိတ်ကူးစိတ်သန်းများနဲ့ ကနဦးဆောင်ရွက်မှုများအတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါတယ်။ သူ မပါဝင်ဘဲ Reconnect အား အမှန်တကယ်ဖြစ်လာအောင် ကျွန်မတို့ လုပ်ဆောင်နိုင်မှာမဟုတ်ပါ။

Goethe-Institut ဟာ မြန်မာနိုင်ငံမှာ အနုပညာနှင့် ယဉ်ကျေးမှုထုတ်လုပ်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ အခြေခံအဆောက်အအုံများအား အဆက်မပြတ်ထောက်ပံ့ခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိပါတယ်။ */Shi* **(/ရှိ)** သည် ဤ သံမိဋ္ဌာန်တစ်ရပ်ဖြစ်သည်။

စံလင်းထွန်း ဘာသာပြန်သည်။



*ရန်ကုန်၊ အောက်တိုဘာ ၂၀၂၂*
*Mona Kriegler*
*ဒါရိုက်တာ*
*Goethe-Institut Myanmar*



# DEAR READERS AND VISITORS OF */SHI* EXHIBITION (/ရှိ အိဇ္ဈဘီးရှင်း),

In 2020, the Goethe-Institut Myanmar launched the *Reconnect* project, a wide-reaching open call addressed to local artists to apply for production grants for a project they anticipated undertaking. *Reconnect* aimed to support artists from all artistic fields and stages of development to continue producing artwork in times of disconnection. Another call was launched in 2021 that resulted in a total of 68 production grants being awarded to support independent art collectives and individual artists.

The letter */Shi* **(/ရှိ)** has several meanings—one of them is *being here_being present!*

The exhibition */Shi* **(/ရှိ အိဇ္ဈဘီးရှင်း)** presents *Reconnect* artists and many other artists to ensure the inclusion of wide-ranging and diverse perspectives thanks to the wonderful curatorial team of Sid Kaung Sett Lin, Diana Nway Htwe, Min Chit Paing and Nang Si Monn Tip.

To open a presentation platform, networking and connection were important to draw an even broader picture that presents what moves and confronts Myanmar's current artistic realm and which is negotiated in the works. These range from site-specific and ephemeral contributions to new commissioned pieces. Old and new, analogue and digital, painting and photogra-phy, sculpture and installation—the works of art meet by be-

ing placed in each other's exhibition context in one space and begin a visual conversation that explores new synergies and distinctions.

*/Shi* (/ရှိ) anticipates fostering new experiences, presents something different, perhaps even something out of the ordinary in time and scale, form and content.

The satellite nature of this exhibition with a focus on guiding the visitors to different art spaces (all with their own unique, old and newly emerging histories) by means of landmark bus stops that serve as orientation but more importantly as a reminder that movement in and around the city via public transport is still crucial to so many and connects locations to each other while linking communities and neighborhood characteristics. */Shi* (/ရှိ) comments on freedom of movement and mobility. In order to see the whole show and to grasp content and context fully, we have to move from place to place.

The approach to involve different communities, spaces and places seemed to us the most meaningful way to express that participation, relationships, access and connection matter. In times when we understand what it means to be literally and figuratively "out of touch", disconnected, */Shi* (/ရှိ) is about putting matters back "in touch" again.

Creating together, producing and exchanging knowledge—indeed, *Reconnecting* and embarking on relationships with all those we have not been able to connect with before—brings people, spaces and art into contact with each other, directly or indirectly. It activates communities, revives relationships, and fosters social engagement. Art, artists and art spaces featuring over fifty different narrtives enter into a conversation with audiences new and old and act as the core connectors that revive while holding everything together in new ways, perhaps even contributing to closing the gaps of persistent disconnection. */Shi* (/ရှိ) invites passers-by and the "non-art" audience to come in. */Shi* (/ရှိ) is intergenerational, "inter-spatial", and therefore inter-connected with its surroundings and diverse realities. It also lets us imagine and hope.

Édouard Glissant's text *Poetics of Relation* (1990), a key text of decolonial thought, comes to mind and reflects the notion that "each and every identity is extended through a relationship with the Other" (11). */Shi* (/ရှိ) is an expression of forms of poetic relations. Its aesthetics are defined not only by relational elements but also by socio-cultural and political engagement with its many layers.

*/Shi* (/ရှိ) radiates a vibrancy that not only creates situations and moments of connection or being in touch again but also highlights how meaningful "relational energy" is, something affirmative, even grounding in times of uncertainty.

*/Shi* (/ရှိ) shouts out to the global and regional art world with its discourse, *we are still present,* claiming a space for its inclusivity. The arts and cultural communities, individually and collectively, have been facing struggle, survival and often hardship. In times of such uncertainty, artists keep going—producing, helping us to make sense of the world around us and offering valuable commentary and insight. It is courageous.

*/Shi* (/ရှိ) also shouts above and beyond the borders of the city and the country—the arts scene is still *being here!* It is producing against the grain and beyond the canon, and it remains here!, too (wherever that here! may be or will be in the future). */Shi* (/ရှိ) was brought to life in times of utmost difficulty.

My message is therefore dedicated to the young creative talent of the team behind */Shi* (/ရှိ) and to the generations they represent. It is also dedicated to the recognition of the artistic community of Myanmar, many of whom welcomed me when I first arrived in Yangon in January 2022. I wholeheartedly thank them for their generosity in sharing their knowledge, their insight and expertise in helping me to better understand and grasp the complexity of what the situation on the ground was and is, what the most urgent requirements are, what is needed or has gone missing, what has been lost indefinitely and which new or different paths we must embark on. It has been guiding my team and me and demonstrating what an institution such as the Goethe-Institut can do to support, complement and initiate a meaningful and relevant cultural program and intercultural exchange, both defined by active listening.

We hope that with this exhibition project and its multifaceted program our relations can be extended, revisited and newly established.

Finally, I would like to warmly thank the following:

The curatorial team, not only for their innovation, creativity and expertise but also for their openness to take on this challenging task with little time at hand, having to engage with a great number of interlocutors and participants. What we will see and engage with in this exhibition derives from their insightful knowledge of the local art industry, cultural communities, and young emerging talent.

Our venue partners for their trust and partnership in hosting the many

artists involved as well as their openness to become part of */Shi* (/ရှိ). They all come with their own singular histories, some well-established with longstanding support for artists and the art scene, others newly emerging in times where cultural spaces are scarce and yet of the utmost importance:

*Myanm/art* for providing the contemporary art scene with a home base;

*Lokanat Galleries*, with which the Goethe-Institut has organized exhibitions dating back to 1963, many of the participating artists from that time now part of Myanmar's pioneering art scene;

*Kalasa* with its multi-purpose, welcoming art space crammed with some of the country's fascinating art history and memory;

*Ayathakan* with their young and vibrant energy which signifies the urgency for the arts to survive and thrive;

*Doh Eain* for their incredible community-driven work in the field of cultural heritage and architectural restoration;

All these spaces serve not only as meeting hubs, platforms for presenting and networking or forums of discussion, but they also stand firm in their support of the quest for the arts to continue creating as well as to protect and restore cultural heritage and its history.

All the participating artists
From *Reconnect*
And beyond -

As well as
Designer Zune Ei Htet for her skill and patience;
Our printing partner Xenon for their generous support;
All the volunteers and technicians behind the scenes;
Haymann Oo and Kaiza Tin Moong, cultural program coordinators at Goethe-Institut Myanmar, for their continuous dedication;
Zon Sabal Phyu, former cultural manager, for her great work, ideas and initiative, without whom we would not have been able to make *Reconnect* a reality.

Goethe-Institut is committed to continuing support of cultural infrastructures and artistic and cultural production in Myanmar. */Shi* (/ရှိ) is one articulation of this commitment.

*Yangon, October 2022*
*Mona Kriegler*
*Director of the Goethe-Institut Myanmar*



# 'ပြန်လည်ချိတ်ဆက်' အကြောင်း

(၂၀၂၀) ခုနှစ်၊ ဇူလိုင်လမှာ ယဉ်ကျေးမှုနယ်ပယ်မှ လုပ်ဖော်ကိုင်ဖက်တွေ၊ မိတ်ဆွေအပေါင်းအသင်းတွေအတွက် ပြန်လည်ချိတ်ဆက် (၂၀၂၀) အစီအစဉ်ကို **Goethe-Institut** မြန်မာက မိတ်ဆက်ပြီး စီမံကိန်းလျှောက်လွှာတွေကိုဖိတ်ခေါ်ခဲ့ပါသည်။ (၂၀၂၀) ခုနှစ်အတွက် စီမံကိန်း (၂၀) ခု နှင့် (၂၀၂၁) ခုနှစ်အတွက် စီမံကိန်း (၂၀) ကို **Goethe-Institut** ကရွေးချယ်ပံ့ပိုးပေးခဲ့ပါသည်။ (၂၀၂၁) ခုနှစ်၊ ဩဂုတ်လမှာ ပြန်လည်ချိတ်ဆက် (၂၀၂၁) ကို ထပ်မံဖိတ်ခေါ်ခဲ့ပြီး စီမံကိန်း (၂၈) ခုကိုထပ်မံပံ့ပိုးပေးခဲ့ပါသည်။

၂၀၂၀၊ ၂၀၂၁ ခုနှစ်အတွင်း ပြန်လည်ချိတ်ဆက် မှ ရုပ်ရှင်၊ ပြဇာတ်၊ အက၊ ပါဖောင်းမန့်အတ် ၊ ဂီတ၊ အမြင်ဆိုင်ရာအနုပညာ၊ ကဗျာ၊ ဓါတ်ပုံ၊ စာပေဆိုင်ရာပညာရေး၊ စာအုပ်ထုတ်ဝေရေး၊ ယဉ်ကျေးမှုတက်ကြွလှုပ်ရှားမှု နှင့် သုတေသနပြုစုရေး အစရှိသည့်နယ်ပယ်အသီးသီးမှ စီမံကိန်းများကို ကူညီပံ့ပိုးပေးခဲ့ပါသည်။

# ABOUT 'RECONNECT'

**In July, 2020, the Goethe-Institut Myanmar offer Reconnect 2020 open call to support friends and colleagues in cultural field. 20 projects for 2020 and 20 projects for 2021 were selected to support. In August, 2021, there was Reconnect 2021 open call again and the Goethe-Institut Myanmar supported 28 projects from all artistic fields.**

**For the years of 2020 and 2021, Reconnect has supported projects in the field of film, theater, dance, performance art, music, visual art, poetry, photography, literary education, book production, cultural activism, and research.**

# 'RECONNECT' ARTISTS

## Reconnect 2020

Aleksandra Minkiewicz
Aung Khin Myint
Aung Myat Htay
Chit Moe Pio
Dr. Su Yin Htun
Eaiddhi
Emily Phyo
Hein Thu Soe
Htoo Lwin Myo
J me
Kaung Myat Thu
Khun Zaw Lynn Htet
Ko So
Ma Kyawt and Nge Lay
Mann Pye Phyo Aung
May Hla
May Phue Thet
May Thet Zaw and Team
Min Min Hein
Moe Myat May Zarchi
Moe Satt
Mrat Lunn Htwann
New Pen Group
New Yangon Theatre Institute, Ruth
Pongstaphone, May Thet Zaw
Nge Lay
Ngu Ein Htet Myet
Nyan Lynn Aung
Sai Thiha Soe
San Win Htike
Sandi Sein Thein
Save Myanmar Film
Saw Myo Nwe Htoo
Thet Oo Maung
Thila Min
Toe Thiha Aung
Visual Orgasm of ART
YASA
Yin Chan Min
Yu Yu Myint Than
Zun Ei Phyu

## Reconnect 2021

ALCO
Aung Naing Oo
Ba G
Blue Chrysalis
Han Pyae Win & Jixk Gabby
Horn Bill Art Group
Jimmy Jacobs
Khin Sandar Nyunt
Lin Htet Aung & Htet Oo Maung
May Thynn Kyi
Moe Kyaw Thu
Moe Thet Han
Moe Thizar Khine
Theingi Lynn
Naing Swam
Nay Wun Ni and Team
Nora
Phoo Myat Thwe
Phyo Gyi
Sai Moon
Shwe Wutt Hmon
Soe Yu Nwe
Thadi Htar
Thaw Dar Aung
Tho Hi and Lwin Oo Maung
Zephyr Ko
Zicky Le
Zin Wai Wai



# 'ပြန်လည်ချိတ်ဆက်'မှ '/ရှိ' သို့

'ပြန်လည်ချိတ်ဆက်' အစီအစဉ်တွင် ပါဝင်ခဲ့သော အနုပညာရှင်များနှင့် ပရောဂျက်များကို နောက်ကြောင်းပြန် မှတ်တမ်းတင်ခြင်းအားဖြင့် Goethe-Institut Myanmar မှ ကျူရေတိုရီရယ်အဖွဲ့နှင့် ပူးပေါင်းပြီး '/ရှိ' အိမ္ဗဘီးရှင်း ကိုစီစဉ်ခဲ့ပါသည်။ '/ရှိ' တွင် 'ပြန်လည်ချိတ်ဆက်' မှ မပြသရသေးသော ပရောဂျက်အချို့နှင့် မြန်မာပြည်တွင် ဆက်လက်နေထိုင်လုပ်ကိုင်လျက်ရှိသော အခြားအနုပညာရှင်များ၏ လက်ရာများကို စုစည်းတင်ဆက်ထားပါသည်။

# FROM 'RECONNECT' TO '/SHI'

As a retrospective of 'Reconnect', Goethe-Institut Myanmar collaborated with the curatorial team for */Shi* exhibition, showcasing a portion of 'Reconnect' projects that has yet to be exhibited as well as works of other artists still living and working in Myanmar.

# '/SHI' ARTISTS

## PART 1

Ae Chan Aung
Alco
Aung Myat Htay
Ba G
Catch de White Dove
Han Lynn (POEM)
Hanreality
Htoo Lwin Myo
Ja Paul
Jam it!
Jimmy Jacobs
Jixk Gabby
Jon Par Htaw
Kaung Min Kha
Kaung Su
Lin Htet Aung
Mann Pye Phyo Aung (Gu Gu)
May Phue Thet
May Thynn Kyi
Musica Htet
Pinky Htut Aung
Sai Laung Linn
Sai Moon
Saw Myo Nwe Htoo
Shwe Wutt Hmone
Siang Pi
Soe Yu Nwe
Sonny Nyein
Thura Aung Swe
TKT
Toe Wai
Yadanar Aung
YY
Zicky Le
Zune Htet

## PART 2

Emily Phyo
Horn Bill Art Group
J-Me
Kaung Myat Thu
Lwin Oo Maung
Moe Myat May Zarchi
Moe Htet
Moe Satt
Nge Lay
PANDA
Phoo Pwint
Thadi Htar
Thyitar
Zephyr Ko
Zun Thu

*ဒီ '/ရှိ' ပြပွဲမှာ ပါဝင်သော အနုပညာရှင်စာရင်းဟာ ဆက်လက်/ရှိ အစီအစဉ်အထိသာဖြစ်ပြီး အိမ္ဗဘီးရှင်း၏ နောက်ပိုင်းကာလများတွင် အခြားအနုပညာရှင်များ ထပ်တိုးပါဝင်နိုင်ပါသည်။*

*The '/Shi' list of artists covers only till Resume/Shi and more artists might be included in the later parts of the exhibition.*



24

# အိဇ္ဇဘီးရှင်း ဖော်ပြချက်

မြန်မာ့အနုပညာလောကရဲ့ ဗဟိုချက်ဖြစ်တဲ့ ရန်ကုန်မြို့ဟာ ဒီအိဇ္ဇဘီးရှင်းရဲ့ နောက်ခံပိတ်ကား ဖြစ်ပါတယ်။ ကပ်ရောဂါအပါအဝင် ဒေသတွင်းမှာရှိတဲ့ အနုပညာအသိုင်းအဝိုင်းရဲ့ များပြောင်းလှတဲ့ ပြောင်းရွှေ့နေထိုင်မှုတွေနဲ့ အတူ ကျနော်တို့က သဏ္ဌာန်ပြောင်းလာတဲ့ ရန်ကုန်ကို စောင့်ကြည့်လေ့လာနိုင်ခဲ့ပြီး အသွင်အသစ်တွေ၊ အခွင့်အလမ်းအသစ်တွေ၊ မေးခွန်းအသစ်တွေနဲ့ တင်းမာမှုအသစ်တွေကို ဖော်ထုတ်တင်ပြလာနိုင်ခဲ့ပါတယ်။

**“ရှိ”** ဆိုတဲ့ စကားလုံးက ရှိခြင်းနဲ့ တည်ရှိခြင်း ဆိုတဲ့ အဓိပ္ပာယ်ကို စကားလုံးကိုယ်၌ကိုက ဖွင့်ဆိုနေပါတယ်။ စကားလုံးရဲ့ ရိုးရှင်းမှုနဲ့ နက်နဲမှုတွေကနေ တည်ရှိခြင်းက ဘယ်အရာကို ပြောပြချင်တယ် ဆိုတာကို လက်တွေ့ကျကျတွေးတောပြီး စဉ်ဆက်မပြတ်မှု နဲ့ မေးခွန်း တွေကြားအထောက်အကူဖြစ်ဖို့ ကျူရေတိုရီရယ် အဖွဲ့ကို တွန်းအားပေးခဲ့တယ်။

မြန်မာပြည်ကသူတွေအများမှာလည်း ကျောင်းနေစဉ် နေ့ရက်တွေတုန်းက “ရှိ” ဆိုပြီး ကျောင်းခေါ်ချိန် ထူးခဲ့ရတဲ့ အတွေ့အကြုံကို ကွက်ကွက်ကွင်းကွင်းမှတ်မိနေမှာပါ။



“ရှိ” က တစ်ခြား စာလုံးတွေနဲ့ ပေါင်းစပ်တဲ့ အခါမှာလည်း အဓိပ္ပာယ်အသစ်တွေ ဖန်တီးနေပြန်တယ်။

တည် “ရှိ”
ရောက် “ရှိ”
ထွက် “ရှိ”
တွေ့ “ရှိ”
ရ “ရှိ”
လက် “ရှိ”

**“ရှိ”** ဆိုတာ ရှိခြင်း၊ တည်ရှိခြင်းတို့ကို အဓိပ္ပာယ်ဆောင်သလို /ရှိ ဆိုတဲ့ ခေါင်းစဉ်နဲ့ ဒီအိဇ္ဇဘီးရှင်းက ကျနော်တို့ နေထိုင် တည်ရှိနေတဲ့ လူမှုပတ်ဝန်းကျင် နဲ့ အနုပညာနေရာတွေကြားက အဆက်အသွယ် ပြတ်တောက်မှုတွေကို ပြန်လည်ချိတ်ဆက် ဆွေးနွေးဖို့ အခွင့်အရေးတစ်ခုဖြစ်ပါတယ်။


ကျနော်တို့ ကျူရေတိုရီရယ်အဖွဲ့ရဲ့ စီစဉ်စဉ်းစားမှုတွေရယ်၊ /ရှိ မှာပါဝင်တဲ့ အနုပညာရှင်များနဲ့ ပူးပေါင်းလုပ်ဆောင်မှုတွေကတစ်ဆင့် **“ရှိ”** ဆိုတာဟာ အယူအဆနဲ့ ဖြစ်တည်မှုကြားက အရေးပါတဲ့ အငွေ့အသက်ဖြစ်တယ်ဆိုတာ နားလည်လာကြတယ်။

**ဒါကြောင့် /ရှိ ဟာ စိန်ခေါ်မှုတစ်ခု**

- နှစ်ရှည်လများထားရှိခဲ့တဲ့ ခံယူချက်တွေဖြစ်တဲ့ ပုံမှန် ဘတ်စ်ကားစီးသူတစ်ဦးရဲ့ အနုပညာအပေါ် ခံယူချက်တွေအပြင် ပထဝီနိုင်ငံရေးအရ အရှေ့တောင်အာရှဒေသနဲ့ ကမ္ဘာ့တောင်ပိုင်းဒေသ ဆွေးနွေးဖြစ်တည်မှု တွေမှာ အိမ်ဖြည့်ခံသာသာဖြစ်နေရတဲ့ မြန်မာနိုင်ငံရဲ့ဖြစ်တည်မှုကို ပြန်လည်သုံးသပ်ဖို့။

**ပြီးတော့ ဖိတ်ကြားချက် တစ်ခု**

- မြန်မာပြည်မှာ ဆက်လက်တည်ရှိ လည်ပတ်နေတဲ့ အနုပညာ ဂေဟစနစ်ရယ် ဒီပတ်ဝန်းကျင်ထဲက အနုပညာရှင်တွေနဲ့ ယဉ်ကျေးမှုအနုပညာလုပ်သားတို့ရဲ့ လုပ်ငန်းဆောင်တာတွေကို အရှိကိုအရှိအတိုင်း ကိုယ်တိုင်ကြည့်ရှုခံစားဖို့ ဖိတ်ခေါ်ပါတယ်။





# EXHIBITION STATEMENT

We ground the backdrop of this exhibition to Yangon, the heart of the Myanmar art world. With the pandemic and drastic migration of the local art community, we were able to observe the city morph and take on new forms, opportunities, questions, and tensions.

"ရှိ", on its own, the word simply means to have and to exist. The simplicity and depth of the word propelled the curatorial team to ponder out loud what it means to exist and conduct as a catalyst between continuance and question.

Many in Myanmar have had the vivid experience of responding "ရှိ" (trans: here/present!) to class attendance during our school days.



ရှိ, when combined with other words, create new meanings.

တည်ရှိ - exist
ရောက်ရှိ - arrive
ထွက်ရှိ - produce
တွေ့ရှိ - find
ရရှိ - get
လက်ရှိ - current

Just as ရှိ means to have and to exist, this exhibition–titled /ရှိ –addresses the enormous disconnect between community and art spaces of Yangon by reopening the discussions on the many ways in which art resonates in the lives of those operating within its orbit against the cacophonous atmosphere. Upon our own reflections and collaborations with artists, we began to grasp ရှိ as a liminal space–an aura– that straddles between perception and existence.

**Hence, /ရှိ is both a challenge**
– to reconsider long-standing perceptions (be it the common bus-commuter's perception of fine art, or the habitual tokenized image of geopolitical Myanmar in the context of regional Southeast Asia and the Global South)

**and an invitation**
– to see for yourself, the existence (of the art scene in Myanmar, and the artists and cultural workers still living and working here) as it is.

# ကျူရေတိုရီရယ်အဖွဲ့ ထုတ်ပြန်ချက်

ဆဒ် ကောင်းဆက်လင်း
ဒိုင်ယာနာ နွေးထွေး
မင်းချစ်ပိုင်

/ရှိ အိဇ္ဇဘီးရှင်းကို တည်ဆောက်ဖို့ စဉ်းစားတဲ့ အခါ ကျနော်တို့ ခြေလှမ်းတွေ အောက်မှာ ဆက်လက်လှုပ်ရှားနေတဲ့ ရန်ကုန်မြို့ထဲက အဖြစ်အပျက်၊ ပြောင်းလဲမှုတွေကို စောင့်ကြည့်နားထောင်နေပြီးတော့ မြို့တစ်မြို့လုံးကို ဖြန့်ကျက်နိုင်မယ့် ကျူရေတိုရီရယ်ပိုင်းဆိုင်ရာ ချည်းကပ်မှုမျိုးကို လိုချင်ခဲ့ပါတယ်။ ကပ်ရောဂါ အပါအဝင် ဒေသအတွင်း အနုပညာအသိုင်းအဝိုင်းရဲ့ များပြောင်လှတဲ့ ပြောင်းရွှေ့နေထိုင်မှုတွေကြောင့် သဏ္ဍာန်ပြောင်းလာတဲ့ ရန်ကုန်ကို ပိုမို စိတ်ဝင်စားဖို့ကောင်းတဲ့ပုံစံတစ်ခုအဖြစ် ကျနော်တို့က စောင့်ကြည့်လေ့လာနိုင်ခဲ့တယ်။ ဒီ အိဇ္ဇဘီးရှင်း တည်ဆောက်မှုလုပ်ငန်းစဉ်ထဲတွေကတစ်ဆင့် မြို့ကဘယ်လိုပုံစံဖြစ်လာတယ်၊ ပြောင်းလဲလာတဲ့ ပုံစံတွေထဲမှာလည်း စဉ်ဆက်မပြတ်မှု နဲ့ မေးခွန်းတွေ ကြားမှာရှိတဲ့ တင်းမာမှုကို ဘယ်လိုသွေ့ဖယ်တယ်၊ ဘယ်လို အရောင်ပြန်ဟပ်နေတယ် ဆိုတာတွေကို လေ့လာနိုင်ခဲ့တယ်။ ဒီလိုနဲ့ ပြည်တွင်းမှာ ဆက်လက်နေထိုင်နေတဲ့ အနုပညာရှင်တွေ၊ တီထွင်ဖန်တီးနေသူတွေက ဒီကာလအတွင်း သူတို့ရဲ့အနုပညာလက်ရာတွေနဲ့ သူတို့ရဲ့ဖြစ်တည်မှုတွေကို ဘယ်သူတွေ တန်ဖိုးထားစောင့်ကြည့်နေကြသလဲ ဆိုပြီး မေးခွန်းထုတ်လို့ရတဲ့ အခြေအနေကို ရောက်ရှိလာခဲ့ပါတယ်။

ဒါကြောင့် /ရှိ က အနုပညာပြပွဲတစ်ခု၊ အချိန်ကာလတစ်ခု အဖြစ် ကျနော်တို့ရဲ့ တည်ရှိမှုနဲ့ စဉ်ဆက်မပြတ်ရှိနေမှုကို သတိရစေပါတယ်။ ဒီပရောဂျက်ရဲ့ စမှတ်ကတော့ Goethe-Institut Myanmarကနေ ပံ့ပိုးထားတဲ့ Reconnect Grant (၂၀၂၀–၂၀၂၁)က စပါတယ်။ Reconnect လက်ရာတွေကို ကျူရေတိုရီရယ် ရှုထောင့်မှတစ်ဆင့် ကျနော်တို့နည်း၊ ကျနော်တို့ဟန်အနေနဲ့ ပြန်လည်ပြီး ပြပွဲအဖြစ် ဖန်တီးခွင့်ရတဲ့အတွက်ရော နောက်ထပ် အခြား featured လက်ရာတွေကိုပါ ပြပွဲရဲ့ပင်မ အခင်းအကျင်းမှာ ထပ်တိုးပြသဖန်တီးခွင့်ရတဲ့အတွက် ကျနော်တို့ ကျူရေတိုရီရယ် အဖွဲ့သားတွေ အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ရပါတယ်။

ကျနော်တို့ ကျူရေတိုရီရယ်အဖွဲ့ ကိုယ်တိုင်က လည်း ကျနော်တို့ရဲ့ မေးခွန်းတွေနဲ့ ထိပ်တိုက်တွေ့ခဲ့ရတယ်။ အနုပညာက ဆန်းသစ်တီထွင်မှုအသစ်တွေ၊ ရှုထောင့်အသစ်တွေရဲ့ ရှေ့တန်းမှာ အမြဲရှိနေပေမယ့် ပုံမှန်အားဖြင့်တော့ အနုပညာအဝိုင်းအဝန်းဆိုတာက ပတ်ဝန်းကျင် အသိုင်းအဝိုင်းကနေသပ်သပ်စီဖြစ်နေတာပဲ လို့ အများက အမြဲလိုလို ယူဆတတ်ကြတယ်။ ဒီပြသနာက မြန်မာပြည်တစ်ပြည်တည်းတင် မဟုတ်ဘဲ တစ်ကမ္ဘာလုံးမှာပါဖြစ်နေတာပါ။ /ရှိ ကို စတယ်လိုက်အိဇ္ဇဘီးရှင်းအဖြစ် ဖန်တီးထားခြင်းဟာ အနုပညာပြခန်းနေရာတွေကို အဓိကထားတာထက် ကျနော်တို့ကိုယ်တိုင် အပါအဝင် ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေအားလုံးဟာ အတူတကွ တည်ရှိနေပါတယ်ဆိုတဲ့ ခံစားချက်မျိုးရအောင် ပါဝင်တဲ့နေရာ တစ်ခုချင်းစီကို ဘက်စ်ကားမှတ်တိုင်တစ်ခုစီနဲ့ ခြံရံထားပါတယ်။ တကယ်တော့ ဒီပုံစံက ကျနော်တို့ ရင်းနှီးကျွမ်းဝင်ပြီးသား ပတ်ဝန်းကျင်တွေကို ရှုထောင့်အသစ်တွေကနေ လေ့လာစူးစမ်းနိုင်ဖို့ အခွင့်အရေးပါပဲ။

ဒီလိုမျိုး ပေါင်းစပ်မှုက အနုပညာလက်ရာတွေ



နဲ့ ပတ်ဝန်းကျင်ကြားက ခြားနားတဲ့ ဆက်ဆံရေးတွေအပြင် တခြားအသံတွေကိုပါ ကြားသိနိုင်တဲ့ ရှားပါးအခွင့်အရေးလည်း ဖြစ်ပါတယ်။ မီဒီယမ် အကြောင်းကို ပြောရမယ်ဆိုရင်လည်း ဗီဒီယို လက်ရာတွေ၊ အိမ်တွင်းသုံးပစ္စည်းတွေနဲ့ ဖန်တီးထားတဲ့ လက်ရာတွေ သိသိသာသာ ပါဝင်နေမှုက ကပ်ရောဂါကာလ အတွင်းက ဖန်တီးထားမှုတွေ ဖြစ်တဲ့အကြောင်း အခိုင်အမာ အတည်ပြုနေပါတယ်။ လာရောက်ခံစားကြည့်ရှုသူတွေကိုလည်း ကိုယ်ပိုင်ရောင်ပြန်ဟပ်မှုတွေကို ရှာဖွေဖို့ ဖိတ်ခေါ်လျက်ရှိပါတယ်။ အားကောင်းတဲ့ အသံဖွဲ့စည်းပုံ၊ စမ်းသပ်မှုတွေကလည်း အိဇ္ဇဘီးရှင်း တစ်ခုလုံး ကို လွှမ်းခြုံထားပြန်တယ်။ ဒီ အိဇ္ဇဘီးရှင်းမှာပါတဲ့ လက်ရာတွေက မိမိကိုယ်ကိုသာဆင်ခြင်သုံးသပ် တယ်ဆိုတဲ့ အနုပညာရဲ့ ကန့်သတ်ချက်တွေကို ကျော်လွှားနိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒါကြောင့် /ရှိ က လတ်တလော တစ်ပြိုင်နက်ဖြစ်နေတဲ့ အဖြစ်မှန်တွေကို လက်ခံတဲ့ အနုပညာလုပ်ငန်းစဉ်တွေ ကို ပိုအားပေးနေတဲ့အပြင် ယေဘုယျကိုယ်စား ပြုမှု ယန္တရားတို့ကိုလည်း ပြန်လည်သုံးသပ်ရာ ရောက်ပါတယ်။

/ရှိ က အနုပညာရှင်တွေနဲ့ သူတို့လက်ရာတွေ အပြင် စကားလက်ဆုံကျမှုတွေ၊ မှတ်တမ်းတင်မှုတွေ ပါဝင်တဲ့ မြန်မာ့အနုပညာအခင်းအကျင်းရဲ့ လျှပ်တစ်ပြက် ရိုက်ချက်တွေလိုပါပဲ။ အိဇ္ဇဘီးရှင်း (၄၄) ရက်တာ ကာလပတ်လုံးမှာ လည်း ပြိုင်တူ ထုတ်ပြန်ချက်တွေ၊ အားပြိုင်နေတဲ့ ဇာတ်ကြောင်းတွေနဲ့ ဆွေးနွေးမှုတွေလည်း ပါဝင်ပါတယ်။ "နေရာလက်ရာ စကားဝိုင်း/ရှိ" — အနုပညာရှင်တွေနဲ့ ပြခန်းနေရာ တွေကြား ဆွေးနွေးမှုစီးရီး၊ "အနုပညာရှင်/ရှိ" — ဖိတ်ခေါ်ထားတဲ့ အနုပညာရှင်တွေအတွက် ဆွေးနွေးမှုစီးရီး၊ "အနုပညာစာတမ်းဖတ်ပွဲ/ရှိ" — အနုပညာရှင်တွေနဲ့ အခြား အနုပညာရပ်ဝန်းထဲမှာ အလုပ်လုပ်ကိုင်နေကြတဲ့ သူတွေရဲ့ စာတမ်းဖတ်ပွဲ တို့

ဖြစ်ပါတယ်။ ဖော်ပြခဲ့တဲ့ အိဇ္ဇဘီးရှင်းနေရာတွေရယ်၊ အစီအစဉ်တွေအပါအဝင် အနုပညာနဲ့ စာရေးခြင်းကြားမှာလိုအပ်တဲ့ ဆွေးနွေးမှုတွေပြုလုပ်ဖို့ နဲ့ စနစ်ကျတဲ့ အနုပညာ သုံးသပ်ဝေဖန်အရေးအသား၊ သတင်းပညာနဲ့ မီဒီယာတွေကိုပါ တိုးမြှင့်နေရာပေးဖို့ "အနုပညာစာမူ၊ စာတမ်းဖိတ်ခေါ်ခြင်း/ရှိ" အစီအစဉ်လည်း ပါဝင်မှာဖြစ်ပါတယ်။

**/ရှိ** ကဲ့သို့ စီစဉ်မှုတွေ၊ အပြန်အလှန်ချိတ်ဆက်မှုတွေပါဝင်တဲ့ အိဇ္ဇဘီးရှင်းမှာ ကျူရေတိုရီရယ်အလေ့အကျင့်ပုံစံတွေက အနုပညာရှင်တွေရဲ့ ရည်ရွယ်ချက်၊ ကျူရေတိုရီရယ်အဖွဲ့ရဲ့ အမြင်၊ ပြခန်းနေရာတစ်ခုရဲ့ ဖြစ်နိုင်ချေ၊ လာရောက်ကြည့်ရှုတဲ့သူတွေရဲ့တုံ့ပြန်ချက်တွေအားလုံးကြားကို ဟန်ချက်ညီအောင် ရန်ကုန်မြို့ရဲ့ နောက်ခံမြင်ကွင်းနဲ့ အလိုက်သင့် ချိန်ညှိပေးပါတယ်။ ဒီ ကျူရေတိုရီရယ်အဖွဲ့အနေနဲ့ **/ရှိ**အတွက် ပူးပေါင်းမှုက ကျနော်တို့ အတွက် အံ့သြကျေနပ်ဖို့ကောင်းတဲ့ အတွေ့အကြုံတစ်ခုဖြစ်ခဲ့တယ်။ ဒီလို ကျယ်ပြန့်တဲ့ အိဇ္ဇဘီးရှင်းတစ်ခုကို အချိန်တိုတိုနဲ့ တည်ဆောက်ရာမှာ ရင်ဆိုင်ရတဲ့ အဆက်မပြတ် စိန်ခေါ်သံတွေဟာ အိပ်မက်ဆိုးတွေရဲ့ အော်သံတွေလိုမျိုးပါပဲ။ ဒါပေမဲ့ ဒီအသံတွေကိုဆိတ်ငြိမ်စေပြီး အနုပညာလုပ်သားတွေနဲ့ အနုပညာရှင်တွေ ရဲ့ စုစည်းတင်ပြချက်များကို ကိုယ်စားပြုတဲ့ **/ရှိ** အိဇ္ဇဘီးရှင်း ကို နောက်ဆုံးမှာတော့ ဖော်ထုတ်နိုင်ခဲ့ပါပြီ။

ကျနော်တို့ ဆက်လက်တည်ရှိနေဆဲ။
ကျနော်တို့မေးခွန်းတွေထုတ်နေဆဲ။



# CURATORIAL TEAM STATEMENT

*Sid Kaung Sett Lin*
*Diana Nway Htwe*
*Min Chit Paing*

In the process of constructing the */Shi* exhibition, we have wanted to ground our curatorial approach to the city of Yangon on a tentative level, watching and listening to what goes on in the city as it shifts beneath our feet. With the pandemic and drastic migration of the local art community, we have been able to observe the city morph into a rather interesting way—interesting both in terms of what the city has become, and how this process reflects a larger tendency against the tension in between continuance and questions. Artists and practitioners who have continued to reside locally have thus reached the question: who is going to appreciate their existence and their artworks produced during this time.

Hence, */Shi* is an art exhibition, an occasion, a reminder of our existence and continuation. The starting point of this whole project is the Reconnect grant (2020-2021) funded

by Goethe-Institut Myanmar'. We, as the curatorial team, had the honor of taking on the task of exhibiting the artworks from Reconnect, adding our own flair as */Shi* with additional featured artworks and artists.

The curatorial team also faced our own questions. Art has generally been separate from the local community—at least in common perception. This problem is not limited to Myanmar but also elsewhere all over the world. */Shi* as a satellite exhibition is our attempted solution by curating beyond the confines of art spaces; thus, the bus-stops. Instead of focusing only on the gallery spaces, we think about framing each bus-stop neighborhood and Yangon itself as space giving the local community a sense of ownership and belonging, and allowing chance explorations of our familiar landscapes in new perspectives.

This venture gives us a rare opportunity to witness the distinct relationships and further conversations between the artwork and the surrounding environment. In terms of media, there is a conspicuous presence of video and home-stay-equipped practices in the exhibition, which affirms their making in the midst of pandemic, inviting the viewer to find their own reflections within the works. A strong experiment on sound and composition also runs through the exhibition. The works in this exhibition are brought together in an effort to transcend the limits of art as a field of self-reflection. Hence, */Shi* thrives on artistic processes that are more simultaneous with a level of acceptance of the reality at hand but in the meantime, pushing back the mechanisms of its representation.


In addition to the artists and the artworks themselves, */Shi* is also about dialogue and documentation: a snapshot of the Myanmar art scene as it is now. There will be parallel statements and contesting narratives and discussions throughout the 44 days of the exhibition: "Artwork Meets Space /Shi"—panel discussion series between the artists and the host art space, "Artist Talk /Shi"—series for individual selected artists, the "Artist Symposium /Shi" –a three-day formal yet quite formable conference-format symposium for artists and other creative workers. Together with the exhibition locations and programs mentioned above, there will also be an Open Call for Art Writing, to establish much needed dialogue between art and writing, as well as well-deserved representation of art criticism, journalism and media.

*/Shi*, in the space of such arrangement and interaction, the curatorial gesture fine-tunes the



delicate balance between the intention of the artist, the vision of the curatorial team, the possibilities of the space, and the reaction of the audience all in the backdrop of communal Yangon. Teaming up with this curatorial team for */Shi* has been an astounding experience, silencing our uttering nightmares–the constant voices of challenges to execute an exhibition at such length during this period of time, presenting finally our collective confirmation as artists and cultural workers of present-day Myanmar:

We are here.
We continue.
We question.



# SONNY NYEIN

# ဆန်နီညိမ်း

**Venue**
Yae-Khae-Saing/Shi
(Goethe-Institut
Myanmar)

**ဆန်နီညိမ်း** (၁၉၄၉-၂၀၂၁) ကို မန္တလေးမြို့တွင်မွေးဖွားပြီး ၁၉၇၁ ခုနှစ်မှာ ရန်ကုန်အနုပညာကျောင်းမှ ပန်းပုပညာနဲ့ဘွဲ့ရရှိခဲ့ပါတယ်။ မြန်မာ့အနုပညာ တစ်ခေတ်ဆန်းခဲ့သူ ဗဂျီအောင်စိုးထံမှာလည်း လေ့လာဆည်းပူးခဲ့ပါတယ်။ မြင်နေကျမဟုတ်တဲ့ ပစ္စည်းတွေ၊ ရှိပြီးသားအရာဝတ္ထုတွေ၊ နေရာ သဏ္ဍာန်အယူအဆတွေ နဲ့ ပေါင်းစပ်ပြီး အနုပညာလက်ရာတွေဖန်တီးလေ့ရှိတဲ့ ဆန်နီညိမ်းဟာ သူ့ရဲ့ အစောပိုင်းလက်ရာတွေမှာ အသုံးပြုခဲ့တဲ့ ပစ္စည်းတွေရဲ့ ဖြစ်နိုင်ချေတွေကို ပြန်လည်သုံးသပ်ပြီး အမြဲကျယ်ပြန့်စေခဲ့တယ်။ တစ်ချိန်တည်းမှာလည်း ပန်းပု ရဲ့ ဖြစ်တည်မှုနဲ့ အဓိပ္ပာယ်ကို ပြန်လည်သုံးသပ်တဲ့ လက်ရာအသစ်တွေကိုဖန်တီးခဲ့တယ်။ The Pillar ဆိုတဲ့ လက်ရာကိုတော့ ၂၀၁၇ခုနှစ်မှာ ဖန်တီးခဲ့ပါတယ်။

**Sonny Nyein** (1949-2021) was born in Mandalay. He graduated from the Yangon State School of Fine Arts in 1971, majoring in Sculpture. He also studied form and space concepts in both sculpture and painting from Bagyi Aung Soe, icon of Myanmar Modern Art. Sonny Nyein's affinity for constructing unorthodox materials, found objects and his fascination with forms and space, drove him to revisit and expand the material possibilities of some of his earlier pieces, while simultaneously producing new works that redefine the dialogue around sculpture. Featured work, The Pillar, was initially made into sculpture in 2017.



FEATURE ARTIST #1

The Pillar ဟာ သဏ္ဍာန်နှစ်ခုကို ဟန်ချက်ညီညီဆက်ထားတဲ့ လက်ရာဖြစ်တယ်။ သဏ္ဍာန်တစ်ခုမှာတော့ အဝိုင်းအပေါက်ငယ်တစ်ခုပါပြီး အဲဒီအဝိုင်းထဲမှာ စက်ဝိုင်းခြမ်းငယ်လေးပါပါတယ်။ လက်ရာတစ်ခုလုံးကို ခြေထောက်လေးချောင်းနဲ့ထောက်ထားတယ်။ ပလေတိုရဲ့ အယူအဆဖြစ်တဲ့ မိသားစုတစ်စုရဲ့ ဟန်ချက်ညီမှုက ကမ္ဘာကြီးဟန်ချက်ညီမှုရဲ့ စံနမူနာဖြစ်တယ်ဆိုတဲ့ အတွေးအခေါ်ကို အခြေပြုဖန်တီးထားခြင်းဖြစ်တယ်။

ဆန်နီညိမ်းဟာ သူ့ရဲ့ ပန်းပုတွေကို အရွယ်အစားတွေ တိုးပြီးအမြဲဖန်တီးဖို့ကြိုးစားခဲ့တယ်။ "သူ့ဘဝတစ်လျှောက်လုံးမှာ မိသားစုရဲ့ အရေးပါပုံနဲ့ အချင်းချင်း အဆုံးအထိ ဟန်ချက်ညီဖို့ကို အမြဲပြောနေခဲ့တယ်" လို့ ဆန်နီညိမ်းရဲ့ ဇနီးဖြစ်သူ မအေးမီက ပြောပါတယ်။ ဆန်နီညိမ်းရဲ့ ဆန္ဒနဲ့ မအေးမီ ညွှန်ကြားချက်အတိုင်း ဒီအိဇ္ဇဘီးရှင်းမှာ The Pillar (၂၀၁၇) ကို မူလလက်ရာထက် ၁၀ဆနီးပါးပိုကြီးတဲ့ လက်ရာအသစ်တစ်ခုအဖြစ် တစ်ဖန် ဖန်တီးထားပါတယ်။ နဂိုမူလ မီဒီယမ် ကိုဆက်လက်အသုံးပြုထားပြီး ဆန်နီညိမ်းမဆုံးခင်က ဆန်နီညိမ်းအတွက်မအေးမီ စုဆောင်း ဖြစ်တဲ့ပစ္စည်းတစ်ခုနဲ့ပါ ပူးပေါင်းဖန်တီးထားပါတယ်။ "ကိုငယ် (ဆန်နီညိမ်း)က သူ့ပန်းပုတွေကို သူ့ထက်အမြဲတမ်းကြီးစေချင်ခဲ့တာ။ အနည်းဆုံး (၅)ပေ အထက်ပေါ့။ ဒီလက်ရာက ၂၀၁၈ နောက်ပိုင်း ပထမဆုံးပြန်လုပ်ဖြစ်မယ့် သူလိုချင်ခဲ့တဲ့ ပန်းပုကြီးဖြစ်ပါတယ်။" လို့ မအေးမီက ထပ်ဆောင်းပြောပါတယ်။

Sonny Nyein's expansion of the sizes of his sculptures never stopped. His wife, Amy included, "his entire life, he had always mentioned about the importance of family and how crucial it was to balance it until the end." With the request of the wife upon the late artist's wish, The Pillar (2017) was resurrected into almost ten times the original, with the same medium used, combined with a found object she collected for him just before he passed away. Amy added more on his sculptures, "Ko Nge [Sonny Nyein], always wanted his sculptures to be bigger than him [over five feet at least], this will be his first, enlarged version of his wish since 2018."



Sculpture

*The Pillar*
*© ဆန်နီညိမ်း*

*The Pillar*
*© Sonny Nyein*



# ရေခဲဆိုင် /ရှိ

## Yae-Khae-Saing/Shi

**Goethe-Institut Myanmar**

ကမ္ဘာအေးဘုရားလမ်း၊ နတ်မောက်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

Kabar Aye Pagoda Road, corner of Nat Mauk Street, Bahan Township, Yangon, Myanmar.

36

GOETHE-INSTITUT

**Goethe-Institut Myanmar** is the homebase and the largest art space for the */Shi* exhibition. Located at Yae-Khae-Saing bus-stop, Goethe-Institut has had a long history of supporting Myanmar's art and culture, dating as far back as 1959. It is also the first institute of its kind to be established in Southeast Asia.

**Goethe-Institut Myanmar** ကတော့ /ရှိ အိဇ္ဇဘီးရှင်းရဲ့ ပင်မအခင်းအကျင်းနဲ့ အကျယ်ဆုံးပြခန်းနေရာဖြစ်ပါတယ်။ Goethe-Instutut ဟာ ရေခဲဆိုင် မှတ်တိုင်မှာတည်ရှိပြီး ၁၉၅၉ ခုနှစ်လောက်ကတည်းက မြန်မာနိုင်ငံရဲ့ အနုပညာနဲ့ ယဉ်ကျေးမှုကို ပံ့ပိုးကူညီခဲ့တဲ့ သမိုင်းကြောင်းရှိခဲ့ပါတယ်။ ၎င်းဟာ အရှေ့တောင်အာရှ မှာ ပထမဆုံးတည်ထောင်ခဲ့တဲ့ Goethe-Institut လည်းဖြစ်ပါတယ်။



## Program

Opening Hrs: 10AM-5PM (Closed on Mon)

12 NOV-24 DEC '22, 7-12 JAN '23

### Opening/Shi
အိဇ္ဇဘီးရှင်းအဖွင့်/ ရှိ

12 NOV '22
3:00 PM

### Performance/Shi
တခဏပြ/ ရှိ

13 NOV '22
2:00 PM

### Artwork Meets Space/Shi
နေရာ၊ လက်ရာစကားဝိုင်း /ရှိ

13 NOV '22
3:00 PM, 4:00 PM

### Bus Tour/Shi
ဘတ်စ်ခရီး/ ရှိ

19 NOV '22
10:00 AM

20 NOV '22
10:00 AM

3 DEC '22
10:00 AM

4 DEC '22
10:00 AM

### Artist Talk/Shi
အနုပညာရှင်/ ရှိ

20 NOV '22
10:00 AM

### Space: Continuance & Questions/Shi
နေရာများနဲ့စကားစမြည်/ ရှိ

24 NOV '22
3:00 PM

### Screening/Shi
ဗီဒီယိုရုံ/ ရှိ

13 DEC '22
2:00 PM

14-15 DEC '22
10:00 AM, 1:00 PM, 3:30 PM

### Music/Shi
ဂီတ/ ရှိ

17 DEC '22
3:00 PM

### Resume/Shi
ဆက်လက်/ ရှိ

7 JAN '23
3:00 PM

### Performance/Shi
တခဏပြ/ ရှိ

7-8 JAN '23
3:00 PM

### Artist Symposim/Shi
အနုပညာစာတမ်းဖတ်ပွဲ/ ရှိ


9-11 JAN '23
10:00 AM

### Closing/Shi
အိဇ္ဇဘီးရှင်းအပိတ်/ ရှိ

12 JAN '23
3:00 PM

*အစီအစဉ်အားလုံး အခြေအနေအရ ပြောင်းလဲမှု ရှိနိုင်ပါတယ်။ ဆိုရှယ် မီဒီယာ ကြေငြာချက်များကို စောင့်ကြည့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။

*All programs and schedules are subject to change. Please check social media announcements for updated info.*




Venue Layout
ပြပွဲမြေပုံ

1 **The Pillar**
Sonny Nyein

2 **Horn Bill Art Group**
Group

3 **Revival**
Group

4 **Medusa & Amay Yay Yin**
Soe Yu Nwe

5 **Screening/Shi Music/Shi**

6 **La fenêtres**
Nge Lay

# VENUE ARTWORKS

# PART-1

Fashion
Photography
& Installation

*ကစားမလား/နားမလား*
*© Zicky လေး*

*Gasar Ma Lar/ Nar Ma Lar?*
*© Zicky Le*



**Zicky လေး** (မွေး – ၁၉၉၆ ခုနှစ်) သည် ရန်ကုန်အခြေစိုက် ဗမာ–ကရင် ဓာတ်ပုံပညာရှင်တစ်ဦး ဖြစ်ပါတယ်။ သူဟာ ရဲရင့်ပြီး တောက်ပတဲ့ ဖက်ရှင်ပုံရိပ်များမှ တစ်ဆင့် စုံလင်ကွဲပြားသော ဖြစ်တည်မှုများနဲ့ ကွီယာဖြစ်တည်မှုတို့ကို စူးစမ်းလေ့လာနေသူ တစ်ဦးဖြစ်တယ်။ Vogue Italia - photo vogue နဲ့ i-D magazine ရဲ့ 12-month retrospective series တို့တွင်လည်း သူ့ဓာတ်ပုံတွေကိုရွေးချယ်ဖော်ပြခြင်း ခံခဲ့ရပြီး ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် မှာ Myanm/art ကတင်ဆက်တဲ့ *'တောင်းပန်ခြင်းမဲ့ ကွီးယာဖြစ်ရဲ့'* ပြပွဲဟာ Zicky လေး ပထမဦးဆုံး ပါဝင်ပြသခဲ့တဲ့ ဓာတ်ပုံပြပွဲတစ်ခု ဖြစ်ပါတယ်။

**Zicky Le** (b.1996) is a Burmese-Karen image maker and a visual storyteller currently based in Yangon. He explores the subjects of Identity and Queerness through his bold and vibrant fashion images. His works have been frequently featured in *Vogue Italia* as well as in the 12-month retrospective series of *i-D* magazine. His very first extensive photo exhibition *Unapologetically Queer* opened at Myanm/art in 2022.

မရေရာမှုများကို ထိန်းချုပ်နိုင်စွမ်းမရှိတဲ့ အခါ...
ငြိမ်သက်ခြင်းနဲ့ ရွေ့လျားခြင်းဆိုတဲ့ ရွေးချယ်မှု
(၂) ခုသာ ရှိတော့တယ်

လုပ်ဆောင်နိုင်စွမ်းကို အသိအမှတ်ပြုမခံရတဲ့
ကလေးတစ်ယောက်အဖြစ်သို့
ပြန်လည်ရောက်ရှိခဲ့ပြီ
ကစားဖို့နဲ့ နားဖို့သာ ကျန်

ညအခါ လသာသာ
ကစားမလား? နားမလား?

Gasar ma lar/Nar ma lar *(trans: Shall we play or rest?)* is a reflection of the artist's quandary state of mind under uncertain circumstances that life offers.

Trapped in quandary...
Be static or dynamic
Back in a childlike state of vulnerability.
Only to play or rest.

The moon beams in the night sky.
Play or Rest?



Art x Technologies Experimentation
A Collaboration of
Multidisplinary Media Art

*ECHOES*

*ကျူရေတာ – အောင်မြတ်ထွေး*
*Curator – Aung Myat Htay*




**အောင်မြတ်ထွေး**(မွေး – ၁၉၇၄) သည် ရန်ကုန်မြို့က အနုပညာရှင်၊ စာရေးသူ နှင့် လွတ်လပ်သော ကျူရေတာ တစ်ယောက်ဖြစ်ပါတယ်။ ရိုးရာပုံစံများ၏ ခေတ်ပြိုင်ဟန်နှင့်အတူ လွတ်လပ်သော ထုတ်ဖော်မှုကို စူးစမ်းလျက်ရှိပါသည်။ အောင်မြတ်ထွေး သည် ၂၀၁၅ ခုနှစ်တွင် SOCA (ခေတ်ပြိုင်အနုပညာကျောင်း အွန်လိုင်းပရိုဂရမ်) ကို တည်ထောင်ခဲ့ပါသည်။

**Aung Myat Htay** (b.1974) is an artist/writer, independent curator from Yangon Myanmar. He explores the freedom of expressions with a contemporary sense of traditional forms. He founded SOCA (School of Contemporary Art online program) in 2015.

New Normal ဟူသည့် လက်ရှိအခြေအနေများအောက်တွင် အခြားသောဘဝအဓိပ္ပါယ်အမျိုးမျိုး ရှိလာသည်။ ကျွန်ုပ်တို့သည် ဘဝရှင်သန်ရပ်တည်မှု၏ချိန်ခွင်လျှာအဖြစ်တည်ငြိမ်မှုကိုထိန်းသိမ်းရန် အမြဲလိုအပ်သလို ၎င်းသည်ယနေ့ခေတ်ပြိုင်ကမ္ဘာတွင် အရေးတကြီး ပြဿနာတစ်ရပ်ဖြစ်လာသည်။ ဤပရောဂျက်သည် ထိုသို့သောယနေ့ ကမ္ဘာ့အခြေအနေများအကြားတွင် ကျွန်ုပ်တို့၏နေ့စဉ်ဘဝထဲသို့ နည်းပညာ၏တုံ့ပြန်မှုများက မည်သို့စိမ့်ဝင်နေသည်ကို အနုပညာနှင့်ဂေဟစနစ်၏ ပွဲတင်ထပ်မှုများဖြင့် ဖော်ပြရန် အာရုံစိုက်ထားသည်။ ပရောဂျက်သည် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိဒစ်ဂျစ်တယ်ယဉ်ကျေးမှုနှင့် လူ့သားဘဝ၏ ဆက်စပ်မှုကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုမည်ဖြစ်ပြီး "2020 ကပ်ရောဂါပြီးနောက်ကြုံတွေ့လာရသည့်အခက်အခဲများကြားတွင် ရှင်သန်ရပ်တည်ခြင်းနှင့်နည်းပညာ၏ပံ့ပိုးနိုင်မှုကို ဆန်းစစ်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မီဒီယာအနုပညာသည် ရှားပါးပြီး အားနည်းနေဆဲအနုပညာနယ်ပယ်ဖြစ်သော်လည်း ဗီဒီယို၊ အသံစသည့်မီဒီယာတို့ကို အနုပညာဖန်တီးရန် အသုံးပြုသည့် ကမ္ဘာလုံးဆိုင်ရာ အနုပညာပြပွဲများ၏ ဆန်းသစ်သောဖန်တီးမှုနှင့်စမ်းသပ်ချက်အချို့က

New Normal has now a different meaning in the context of the current situations. We need maintaining in stabilities as a balance of life and it has become more vital issues in the contemporary world. The project is focused on the reflections of Art and the eco-system and it is a response to technology that infiltrates our daily life. The project will redefine the connection of digital culture and human life in the nature surrounding us, and to know "how we should be reliable in this media & technology era after 2020 pandemic. In Myanmar, media art is still rare, being a narrow field that is a lack of experimental practices in art, but some of creative motivations of everyday global phenomena effectively stimulates to new generation's interests with these experiments such as using videos or sounds to create art. The technology gives the easy accessible information to us and so, we are familiar in social media. At present, the resources of environments provide the utmost insight into the knowledge required for creative living and its possibilities. This program will

မျိုးဆက်သစ်များ၏စိတ်ဝင်စားမှုကို ထိရောက်စွာ လှုံ့ဆော်စေသည်။ နည်းပညာသည် ကျွန်ုပ်တို့ ထံသို့သတင်းအချက်အလက်များကို လွယ်ကူစွာ ရယူ အသုံးပြုစေနိုင်ပြီးအင်တာနက်ဆိုရှယ်မီဒီယာ တွင် ထိုးဖေါက်ချိတ်ဆက်နိုင်လာကြသည်။ ယခု လက်ရှိအချိန်တွင် ပတ်ဝန်းကျင်၏အရင်းအမြစ် မျိုးစုံက အနုပညာဖန်တီးရန်ပံ့ပိုးနိုင်သည့် သတင်း အချက်အလက်များစွာကို ပေးနေပြီဖြစ်သည်။ ထို့ပြင် ဖန်တီးမှုဖြင့် နေထိုင်ခြင်းအတွက် လိုအပ် သောအသိပညာနှင့် ၎င်း၏ဖြစ်နိုင်ချေများကို ထိုးထွင်းသိမြင်လာစေသည်။ ဤအနုပညာပရိုဂရမ် ကနည်းပညာဆိုင်ရာကိစ္စရပ်များကို အနုပညာပုံစံ ဖြင့်ရင်ဆိုင်တုံ့ခြင်းကဲ့သို့ ဖန်တီးမှုများလုပ်ဆောင် နေသည့်အနုပညာရှင်များကို ဆန်းစစ်သုံးသပ် ကြည့်နိုင်ကြမည်ဟု ယုံကြည်ပါသည်။ ၂၀၂၁-၂၂ အတွင်း အွန်လိုင်းအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့ ပြီး အခက်ခဲအကြပ်တည်းများကြားတွင် နည်းလမ်း စုံချိတ်ဆက်မှုများဖြင့် ဖန်တီးခဲ့ကြသည့် စမ်းသပ် လက်ရာများဖြစ်သည်။

give more time to criticize with the artists who have been working intensely with technology matters by artistic responses to it. The program included the online workshop and discussions in various ways of communication in between 2021-2022 and in the moments under many crisis and difficulties of time.

*(English texts edited by, Sun Lin Tun)*

Total of three artworks included in Echoes: 'Lost in the Hell Fire Storm' by Siang Pi & Musica Htet, 'The Paper Man' by Han Lynn & Thura Aung Swe, 'Rite of the Ocean' by Pinky Htut Aung & Zune Htet

Comics

*အပြာရောင် ပိုးချည်အိမ်*
*Blue Chrysalis*



၂၀၂၁ ခုနှစ်မှာ ဖန်တီးသူ (၆) ယောက်က ပုံပြင် (၅) ပုဒ် ပါတဲ့ကာတွန်းပေါင်းချုပ် ကို အတူပြုလုပ် ခဲ့ကြတယ်။ ဇာတ်လမ်းတိုင်းမှာ ပြောင်းလဲမှု တွေ၊ တိုးတက်လာမှုတွေ၊ အိပ်မက်တွေ၊ ဘဝတွေ နဲ့ အသစ်တစ်ဖန် ထွက်ပေါ်လာမယ့် ကမ္ဘာကြီး အတွက် မျှော်လင့်ချက်တွေပါဝင်နေတယ်။ ၂၀၂၃ ခုနှစ်မှာ ထုတ်ဖြစ်မယ့် ကာတွန်းပေါင်းချုပ် အတွက် ဒီပြပွဲက ရှေ့ပြေးအဖြစ် ပြုလုပ်မှာဖြစ် တယ်။ ကပ်ရောဂါရဲ့ အထီးကျန်ကမ္ဘာကနေ ရုန်း ထွက်ပြီး ပြပွဲနေရာသို့ ရေခဲဆိုင်/ရှိ အိဇ္ဇဘီးရှင်း ကနေ ပွဲဦးထွက်တင်ပြလိုက်ပါတယ်။

ဝါး (အေးချမ်းအောင်) ၊ ဖိုးသား (ဂျွန်ပါးထော ၊ ဂျာပေါ လ်)၊ ခမောက်ကလေးနဲ့ မချော (Zephyr)၊ မိုးစုန်းကြူး (ကောင်းမင်းခ)၊ သံစဉ်ရိုင်း (စိုင်းလောင်ဝ်လင်း)


In the wake of 2021, six creatives came together to put together a comic anthology of five stories. Each story encompasses change, growth, dream, life and hopes for the world that will emerge anew. The exhibition will serve as a precursor for the publication of the anthology in 2023. Exiting from the self-isolated screens of the pandemic and debuting into the physical space, Yae-Kae-Saing/Shi presents:

'Wah' by Ae Chan Aung, 'Pho Thar' by Jon Par Htaw and Ja Paul, 'Girl with a Conical Hat' by Zephyr, 'Rainfly' by Kaung Min Kha, 'Wild Hearts' by Sai Laung Linn



Performance

*တြိ*
*© သုခုမခရီးသည် ပြဇာတ် (TKT)*
*Tri*
*© Thukhuma Khayeethee (TKT)*



**သုခုမခရီးသည် ပြဇာတ်(TKT)** ရဲ့ ပူးတွဲ တည်ထောင်သူ နှင့် အနုပညာဒါရိုက်တာတစ်ဦး ဖြစ်တဲ့ သူဟာ ပြဇာတ်ကို စိတ်ဝင်စားတဲ့ လူငယ် များကို စုစည်းပြီး ပြည်တွင်း ပြည်ပ အနုပညာရှင် များနဲ့ ပူးပေါင်းကာ ပြဇာတ်အဖွဲ့တစ်ဖွဲ့ကို ဖန်တီး ခဲ့ပါတယ်။

Covid 19 ကြောင့် မြို့ကြီးတွေနဲ့ ကျေးရွာတွေ ကို ရပ်နားထားရပေမဲ့ ရပ်တန့်လို့မရနိုင်တဲ့ အခြေအနေတွေ ကတော့ lockdown ကာလမှာ ကျွန်ုပ်တို့ရဲ့နေ့စဉ်ဘဝတွေကို ပုံဖော်နေဆဲပါပဲ။ ________က သတင်းတွေ၊ လူမှုရေးနဲ့ စီးပွားရေး ဟာ ကျွန်တော်တို့ကို ပုံစံအမျိုးမျိုးဖြင့် လွှမ်းမိုး ထားတယ်။ အိမ်မှာနေရချိန်မှာ သတင်းက ကျနော် တို့ရဲ့ စိတ်ခံစားချက်ကို နိုးကြားစေပြီး ပြဇာတ် ထုတ်လုပ်သူရဲ့ အတွေးကို နှိုးဆွပေးနေတယ်။ ပြ ဇာတ်ထုတ်လုပ်သူနဲ့ သူ့ရဲ့သူငယ်ချင်း ကဗျာဆရာ တို့ဟာ ______ ကလာတဲ့ မြန်မာ့သတင်းတွေ၊ ၂၀၂၀ ခုနှစ်ရဲ့ လူမှုရေးနှင့် စီးပွားရေး အခြေအနေ တွေကို မွှေနှောက်ထားပါတယ်။ သူတို့ဟာ _____ ကြောင့် ထိခိုက်နစ်နာသူတွေ၊ လူမှုရေး ခွဲခြား ဆက်ဆံမှုတို့အပြင် ၂၀၂၀ ခုနှစ် မြန်မာ့စီးပွားရေး ရဲ့ အခြေခံအကျဆုံး မြင်ကွင်းများတွေကို ဒီပြဇာတ် တွင် ဖျော်ဖြေတင်ဆက်ထားပါတယ်။ ဒီခက်ခဲတဲ့ အခြေအနေတွင် ကျနော်တို့ ဘယ်လို တုန့်ပြန်ကြ လဲ၊ ကျနော်တို့ရဲ့ လူသားဆန်မှုက ဘာလဲ ဆိုပြီး တော့ ဒီပြဇာတ်က ကျွန်တော်တို့ကို မေးခွန်းထုတ် လျက်ရှိပါတယ်။

A co-founder and artistic director of **Thukhuma Khayeethee Theatre (TKT)** created a theater group composed of young people interested in theater and working in collaboration with local and international artists.

Although cities and villages have stopped due to the Pandemic Covid 19, there are unstoppable circumstances still shaping our daily life in the lockdown period. News of ________, social and economic overwhelm us in many different ways. While we have to stay at home, news has been waking up our emotions and provoking the theater maker's thoughts. The theater maker and his poet friend juggle the Myanmar news from ______, social and economic in 2020. They play around victims of _____, social discrimination, and grass root economic of 2020 Myanmar's scenario in this theatre performance. It asks us how we respond in this difficult situation and what is our humanity.

# VENUE ARTWORKS

## PART-2

Start: 13 DEC '22
End: 12 JAN '23



*Revival: The art of reconnecting the reality*

*ကျူရေတာ – ဟေမာန်ဦး*
*Curator – Haymann Oo*

**ဟေမာန်ဦး** ဟာ ၂၀၁၂ တွင် New Zero Art Spaceတွင် ကျူရိတ်တာလေ့အကျင့်ကို စတင်ဆည်းပူးခဲ့သော ရန်ကုန်အခြေစိုက် အလွတ်တန်း ကျူရိတ်တာ တစ်ယောက် ဖြစ်ပါတယ်။

Revival ကို ပြပွဲတစ်ခုထက် ချိတ်ဆက်မှုတစ်ခုရဲ့ ပြယုဂ်အဖြစ် ပုံဖော်ထားပါတယ်။ လက်ရာတွေရဲ့ အမြင်ပိုင်းဆိုင်ရာ ဆက်သွယ်မှုအလွန်မှာ မနေ့ကနဲ့ ဒီနေ့ရဲ့ အသံတွေ ပဲ့တင်ထပ်နေပါလိမ့်မယ်။ အချိန်စက်ဝန်းတွေကို ဖြတ်သန်းရင်းကနေ ဖြစ်ပေါ်လာတဲ့ မှတ်မိချင်စရာတွေ နဲ့ မေ့ပစ်ချင်စရာတွေကို Revival ရဲ့လက်ရာတွေထဲမှာ မြင်တွေ့နိုင်ပါလိမ့်မယ်။ ကြားခံနယ်တွေကနေ ဖောက်ထွင်းထွက်လာတဲ့ လက်ရာတွေဟာ သိမ်မွေ့သလို၊ ခက်ထန်သလို၊ တိတ်ဆိတ်သလို၊ ကျယ်လောင်သလို .........

ကောင်းမြတ်သူ၊ ပန်ဒါ၊ ဖူးပွင့်၊ ဇွန်သူ၊ မိုးထက်၊ သို္ငင်တာ တို့ရဲ့ လက်ရာ ၆ ခုဟာ Revival မှာ ပါဝင်မှာဖြစ်ပါတယ်။

**Haymann Oo** is a freelance curator base and works in Yangon, and started her curatorial practice at New Zero Art Space in 2012.

"Revival" was brought up as a symbol of bond rather than an exhibition. Beyond the visual communications, there are the echoes of 'today' and 'yesterday'. The artworks featured in 'Revival' will show you the wanted and unwanted memories while going through the time circles. The works of art, presented to you through the different mediums, are likely to be tender, dense, silent, and loud. . . .

Total of six artworks included in 'Revival: Pain and Happiness II' by Phoo Pwint, 'Your way' by PANDA, 'A day of salvation' by Kaung Myat Thu, 'Life of the earth' by Moe Htet, 'Rest in peace' by Thyitar, 'Survival in progress' by Zun Thu.



Performance Video

*Bodygate*
*© သတိထား*

*Bodygate*
*© Thadi Htar*




**သတိထား** (မွေး–၁၉၈၂ ခုနှစ်) ဟာ ရခိုင်ပြည်နယ် စစ်တွေမြို့မှာ ကြီးပြင်းခဲ့ပြီး စစ်တွေတက္ကသိုလ်မှာ ကျောင်းတက်ခဲ့ပါတယ်။ သူ အဓိကအသုံးပြုတဲ့ မီဒီယမ်ဟာ performance (သို့) action အနုပညာတင်ဆက်မှုပဲ ဖြစ်တယ်။ သူဟာ ဇာတ်လမ်းတွေကို ပြောဖို့၊ ပုံဖော်ဖို့ အတွက် သူ့ရဲ့ ခန္ဓာကိုယ်ကို အသုံးပြုလေ့ရှိပြီး သူ့ကိုယ်ခန္ဓာ မှတဆင့် သူ့ရဲ့ ကိုယ်ပိုင် အတ္တကို ဆန်းစစ်ဖော်ထုတ်လေ့ရှိပါတယ်။

"ကမ္ဘာကြီးထဲက ကမ္ဘာငယ်လေးများ အတွက် အနုပညာသမားတစ်ယောက်၏ မျက်ရည်စစ်စစ် လက်ရာဖြစ်ပါတယ်။"

**Thadi Htar** means "caution" in Burmese. It is written on electrical boxes and warning signs throughout Myanmar. Thadi Htar grew up in Sittwe, Rakhine State, Myanmar and attended Sittwe University. His primary medium is performance, or action art. He uses his body to convey a story or practice and interrogate his own ego through his body.

"This is the work of an artist's tears for all the small worlds in the world."

*La fenêtres*
*© ငယ်လေး*

*La fenêtres*
*© Nge Lay*



**ငယ်လေး** (မွေး–၁၉၇၉ ခုနှစ်) ဟာ ပါဖောမန့်နဲ့ ဓာတ်ပုံပညာကို အထူးစိတ်ဝင်စားတဲ့ Multi media အနုပညာရှင် တစ်ဦးဖြစ်ပါတယ်။

မူလစိတ်ကူးကတော့ ကျေးလက်ဒေသမှာ နေထိုင်တဲ့ အမျိုးသမီးတွေနဲ့ ပူးပေါင်းရန် ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်နဲ့ ကရင်ပြည်နယ် မြဝတီမြို့နယ် လေးကေ့ကော်ကျေးရွာတို့တွင် စိတ်ဒဏ်ရာများနဲ့ ပဋိပက္ခများကို ကျော်လွှားရန် ရုန်းကုန်နေရတဲ့ အမျိုးသမီးငယ်များက သူတို့ရဲ့ အဝတ်ဟောင်းနဲ့ ထဘီဟောင်းများကို လှူဒါန်းကြမှာဖြစ်ပါတယ်။ ငယ်လေးနဲ့ အမျိုးသမီးတွေက အကြီးစား အထည်ရုပ်ထုတစ်ခုကို ချုပ်လုပ်ကြပြီး ကိုဗစ် ၁၉ မတိုင်မီနဲ့ အပြီးက ၎င်းတို့၏ စိန်ခေါ်မှုများနဲ့ ရှင်သန်မှုဇာတ်လမ်းများကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

**Nge Lay** (b. 1979) is a multi-media artist with a particular interest in performance and photography.

The original idea was to collaborate with women living in rural areas. In two villages in Pantaung township, Bago district, and Lay Kay Kaw village in Myawaddy township in Karen State, women and young women struggling to overcome traumas and ongoing conflicts will donate their old clothes and old Longyi (sarong). With these longyis, Nge Lay and the women will sew a large-scale fabric sculpture and discuss their challenges and survival stories before and after Covid-19.

Documentary
*30:00 mins*

*ဆိုက်ကားတေးသံ*
*ဒါရိုက်တာ – ထူး*
*A Song of Trishaw*
*Director - Htoo*



ရန်ကုန်ရဲ့ လမ်းကြားတွေထဲမှာ ဆိုက်ကားနင်း လုပ်သားတွေအများကြီးရှိတယ်။ ထီးဩက အဲဒီထဲကတစ်ယောက်ဖြစ်ပါတယ်။ သူက တေးရေးဆရာတစ်ယောက်ဆိုလည်း ဟုတ်တယ်။ လွန်ခဲ့တဲ့ ၁၀စုနှစ် တစ်ခုကတည်းက သီချင်းတွေအများကြီးရေးခဲ့ပြီး စင်ဂယ်သီချင်းတွေအပြင် အယ်လ်ဘမ်တစ်ချပ်ကိုပါ အသံသွင်းခဲ့ဖူးသေးတယ်။ လူ့အဖွဲ့အစည်းရဲ့ အလိုဆန္ဒတွေနဲ့ ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုတွေ ကြားမှာ သူ့ရဲ့ အောင်မြင်ဖို့ရာ မျှော်လင့်ချက်က အမှန်တကယ်ဖြစ်လာမှာလား။ သူ့ရဲ့လက်တွေ့ဘဝကို မြန်မာနိုင်ငံရဲ့ လူမှုရေး၊ နိုင်ငံရေး အခင်းအကျင်းကနေ အခြား စိတ်ကူးယဉ် ဇာတ်ကောင်တွေနဲ့ အတူ ဇာတ်ဆောင်ရဲ့ နေ့စဉ်ဘဝ ရိုက်ချက်တွေနဲ့ အလှဆင်ထားတယ်။ ဒီတော့ ဒါက docu-fiction (မှတ်တမ်းဇာတ်လမ်း) တစ်ခုပဲဖြစ်ပါတယ်။

Streets in Yangon have many trishaw drivers. Htee All were one of them. He's also a song-writer. Since a decade ago, he wrote many songs and recorded them as singles and an album as well. Would his hope for success come true amid demands from society and personal deals? His real-life is here embellished with on location shots of protagonist's daily life along with other fictional characters from the familiar socio-political landscape of Myanmar. Hence, this is a docu-fiction.

Documentary
*03:00 mins*

*လိုအပ်သော*
*ဒါရိုက်တာ – မန်းပြည့်ဖြိုးအောင်*
*Everyday Needs*
*Director - Mann Pye Phyo Aung*




"လိုအပ်သော"က ရေရှားပါးမှုကို တွေ့ကြုံခံစားနေရတဲ့ ပတ်ဝန်းကျင်တစ်ခုကို ပုံဖော်ထားတဲ့ မှတ်တမ်းရုပ်ရှင်တစ်ပုဒ် ဖြစ်ပါတယ်။

This is the issue of the environment that is facing with the shortage of water.



Animated Documentary
*08:30 mins*

*ထွက်ပေါက်*
*ဒါရိုက်တာ – မေသင်းကြည်*
*Exit*
*Director - May Thynn Kyi*





မြန်မာနိုင်ငံတွင် လိင်လုပ်ငန်းက တရားမဝင်တဲ့ လုပ်ငန်းအဖြစ်သတ်မှတ်ထားခြင်းကြောင့် လိင်အလုပ်သမားများမှာ အကြမ်းဖက်မှုများနဲ့ လူမှုပတ်ဝန်းကျင်မှ တဆင့်နှိမ့်ကျသူများ ဟု ပုံဖော်ဆက်ဆံခြင်းများကြောင့် လိင်လုပ်သားများ၏ တွေ့ကြုံခံစား ခဲ့ရသည်များကို ပြန်လည်ပုံဖော်ပြသမှာ ဖြစ်ပြီး ကြည့်ရှုသူပရိတ်သတ် အနေဖြင့်လည်း လိင်လုပ်သားများအား လူသားခြင်းစာနာနိုင်ရန်နှင့် ခွဲခြားမှုများ ရပ်တန့်စေရန် ရည်ရွယ်ပါတယ်။

Sex workers are marginalized through violence and portrayed harshly by society since sex work is considered as an illegal business in Myanmar. This film indicates the experiences of sex workers with the intention to stop discrimination upon sex workers and to start humanize them.

Short Film
*17:46 mins*

*ဘားမိစ်မွန်း*
*ဒါရိုက်တာ – လင်းထက်အောင်*
*Burmese Moon*
*Director - Lin Htet Aung*




၁၉၆၂ခုနှစ်မှာ လက ကမ္ဘာနဲ့ တိုက်မိပြီး ကမ္ဘာကြီးပျက်မလို ဖြစ်ခဲ့တယ်။ အဲမှာ လူသားတွေက ထိတ်လန့် တုန်လှုပ်ပြီး ဦးတည်ရာမဲ့ ပြေးလွှားနေခဲ့ရတယ်။ ဘားမိစ် ဉာဏ်ရေတုက အင်တာနက်မှာရှိတဲ့ ဗီဒီယိုဖိုင်တွေကို စုဆောင်းပြီးတော့ ကမ္ဘာမြေမှ နောက်ဆုံးထွက်ရှိထားတဲ့ ရုပ်ရှင်တွေထဲက တစ်ခုအဖြစ်ဖန်တီးထားခဲ့တယ်။ အဲဒီ ဇာတ်ကားကို ဘားမိစ် ဉာဏ်ရေတုကနေ ကမ္ဘာတစ်ဝှမ်းရှိ သတင်းရုပ်သံလိုင်းများမှာ ထုတ်လွှင့်ပြသခဲ့ပါတယ်။

In 1962, the world was about to end due to the moon colliding with the earth. So, humans panicked and ran around aimlessly. Burmese Artificial Intelligence (BAI) gathered footage from the internet and made one of the very last films from the earth. The film was broadcasted on news television channels all over the world by the BAI.

Animation Short Film
*04:00 Mins*

*ဂျင့်ရဲ့ရောင်စုံနေ့ရက်လေးများ*
*ဒါရိုက်တာ – Zephyr ကို*

*Gent's Colorful Days*
*Director - Zephyr Ko*




ဂျင့်ဆိုတဲ့ ဝတုတ်ကြောင်လေးနဲ့ သူ့ရဲ့ လူသား သူငယ်ချင်းဖြစ်တဲ့ ကတ် ပါဝင်ပြီး စကိတ်ကွင်းမှာ တွေ့တဲ့ ကတ်ရဲ့ CRUSH ကောင်မလေး အသစ်ကို လိုက်ရင်း အလွဲလွဲအချော်ချော်ဖြစ်ရတဲ့ နေ့ရက်တွေအကြောင်းပဲဖြစ်ပါတယ်။ ကြောင်လေး တစ်ကောင်ရဲ့ အမြင်ကနေ ဟာသနှောပြီး ကွီယား ဇာတ်ကောင်လေးတွေနဲ့ ဟိုင်းလိုက်လုပ်ထားတဲ့ ပုံပြင်လေးတစ်ပုဒ်ပဲဖြစ်ပါတယ်။

The miniseries revolves around a chubby Cat named GENT with his human partner Kat, in their days full of mishaps in pursuing Kat's newfound CRUSH, a Girl they meet by chance at a Skate Ramp Park. Highlighting the stories of LGBT+ community Characters along the series but in the view of a cat in a dynamic and comedic way.

*Music Video*
*05:17 mins*

*No Child Rape*
*ဖန်တီးသူများ – Catch de White Dove*

*No Child Rape*
*Creators - Catch de White Dove*




မြန်မာပြည်ရဲ့ သက်ငယ်မုဒိန်းမှု ပပျောက်ရေး အပေါ်အခြေခံထားတဲ့ မြူးဇစ်ဗီဒီယိုဖြစ်ပါတယ်။

The project is to produce a music video for ending sexual abuses against children in Myanmar.



Ceramics Sculpture

*မယ်ဒူဆာ*
*© စိုးယုနွယ်*
*Medusa*
*© Soe Yu Nwe*



**စိုးယုနွယ်** (မွေး – ၁၉၈၉ ခုနှစ်)ကို လားရှိုးမှာ မွေးဖွားခဲ့ပါတယ်။ Rhode Island ဒီဇိုင်းကျောင်းမှာ ကြွေပန်းပုပညာနဲ့ ၂၀၁၅ ခုနှစ်မှာ မဟာဘွဲ့ရပြီးနောက် သူမဟာ အမေရိကန်ပြည်ထောင်စုနဲ့ အာရှတစ်ဝှမ်းရှိ residency အမြောက်အမြားမှာ ပါဝင်ခဲ့ပါတယ်။

**Soe Yu Nwe** (b. 1989) was born in Lashio, Myanmar. After earning an MFA degree in Ceramics at the Rhode Island School of Design in 2015 Soeyu has been participating in numerous residencies in the United States and across Asia.

စိုးယုနွယ်ရဲ့ မြွေသဏ္ဍာန်တွေအပေါ်စိတ်ဝင်စားမှုက ရှေးရိုးစွဲလူ့အဖွဲ့အစည်းထဲ နေထိုင်နေရတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ စိတ်ဒဏ်ရာကို ဖော်ပြဖို့ သူမရဲ့ တရုတ်ရာသီခွင်ဖြစ်တဲ့ မြွေကို သင်္ကေတအဖြစ်သတ်မှတ်ပြီး စူးစမ်းတာကနေစတင်ခဲ့ပါတယ်။ ဒီတစ်ခေါက်မှာတော့ အနုပညာရှင်ဟာ မယ်ဒူဆာကို တဖန်ပြန်လည်ဖန်တီးထားပါတယ်။ မယ်ဒူဆာနဲ့အတူတူ မြွေသဏ္ဍာန် အနွယ်ဝင် ဗုဒ္ဓမတိုင်ခင် မြန်မာပြည်ဝယ် ကိုးကွယ်ယုံကြည်ကြသော အမေရေယာလနတ်၏ ကြွေထည်ပန်းပုရုပ်ထုလက်ရာကိုပါ ထည့်သွင်းပြသထားပါတယ်။ အမေရေယာဉ်ဟာ နတ်ကိုးကွယ်မှုများထဲတွင် တန်းခိုးကြီးသော သီးနှံရိတ်သိမ်းအပြီး အစောင့်အရှောက်နတ်ဖြစ်သည်သာမက ရေသွင်းရေလာကောင်းစေရန်လည်း အကာအကွယ်ပြုပေးတဲ့ နတ်ဖြစ်တယ်လို့လည်း တင်စားကြပါသေးတယ်။

Soe Yu Nwe's interest in the serpentine started from her exploration for a self symbol–as the snake in her Chinese zodiac–sign to narrate the psychological wound of being a woman in a conservative society. For this iteration, she presents her interpretation of Medusa. Together with Medusa, Soeyu also added a ceramic sculpture of Amay Yay Yin, after the exploration of a serpentine Burmese goddess, who's one of many pre-Buddhist animist Nats and is worshiped has a powerful harvest goddess in addition to protection of reservoirs of waters.

Painting

*'Horn Bill Art Group'*
*ဆလိုင်းနံရံ  Salai NanYan*
*ပေါင်ဇလန့် - PauZaLangh*



**Horn Bill** အနုပညာအဖွဲ့ရဲ့ ဒီပရောဂျက်ဟာ ဟားခါးရှိ စတူဒီယိုတစ်ခုကို ပန်းချီအနုပညာရှင်သုံးယောက် အတူတူမျှဝေအသုံးပြုရင်း လက်ရာသစ်တွေကို ဖန်တီးတဲ့ ပရောဂျက်တစ်ခုဖြစ်ပါတယ်။

The project by **Horn Bill Art Group** was done after three painters shared a studio space in Haka to produce a new series of work.

ချင်းလူမျိုးတွေရဲ့ ရိုးရာ၊ဓလေ့တွေကို ပန်းချီကားတွေပေါ်ချပြတာဖြစ်ပါတယ်။ ချင်းတွေရဲ့ ရိုးရာဓလေ့တွေမှာ စိတ်ဝင်စားဖွယ်တွေအများကြီး ရှိပါတယ်။ တချို့ကတော့ မကျင့်သုံးတော့တဲ့ ဓလေ့တွေလည်းရှိသလို တချို့ကတော့ခေတ်နဲ့အညီဆန်းသစ်တာတွေလည်း ရှိပါတယ်။ ဥပမာ ရှေးတုန်းက ရိုးရာအသုဘချနည်းနဲ့ အခုခေတ်မှာအသုဘချပုံတွေ၊ စည်းစိမ်ပိုင်ဆိုင်မှုတွေကို အထိမ်းအမှတ်ထားပုံမျိုးတွေ ပြောင်းသွားပါပြီ။ အကနဲ့ရိုးရာဝတ်စုံတွေဆို ခေတ်နဲ့အညီပြောင်းလဲလာတာတွေ ၊ဆန်းသစ်လာတာတွေရှိပါတယ်။ ရိုးရာပါးရဲဆိုလည်း ပါးရဲထိုးတဲ့အဖွားတွေပဲ ကျန်ပါတော့တယ်။နောက်မျိုးဆက်တွေအနေနဲ့မြင်ရဖို့ ခက်ခဲသွားပါပြီ။ ပါးရဲရဲ့မျဉ်းကြောင်းတွေ ပုံစံတွေဟာ စိတ်ဝင်စားစရာကောင်းလှပါတယ်။ အဲ့တာတွေကို ပန်းချီအနုပညာနဲ့ရေးဆွဲဖြစ်ခဲ့ပါတယ်။

This is a series of works representing the culture of Chin ethics in the form of paintings. The Chin ethnic possessed a huge range of interesting culture, combining ancient neglected practices and beliefs, together with a very effective and contemporary approach. For instance, traditional funerals have developed and infused with modern day practices and major changes occurred in commemorating inheritances and wealth between families. Traditional dances and costumes have been modified contemporarily, and the only evidence of traditional cheek piercing can be witnessed among the elders. The cheek piercings are methodical, interesting and very difficult for the next youngest generation to understand. There, the group decided to create these series of paintings.




# YADANAR AUNG ရတနာအောင်

**Venue**
Bogalayzay /Shi (The Ex Office, Doh Eain)

**Schedule**
20 NOV '22 (Sun), 3:00 PM

**ရတနာအောင်** (မွေး – ၁၉၉၈ ခုနှစ်) သည် ရန်ကုန်မြို့မှာ မွေးဖွားကြီးပြင်းခဲ့ပြီး သူမရဲ့ အာကာသနှင့် သက်ဆိုင်သော အကြောင်းအရာတွေ၊ ပုံပြင်တွေ၊ စိတ်အာရုံ အတ္တတွေနဲ့ ရင်းနှီးမှုတွေကို ဒီဇိုင်းကျောင်းသူဘဝကတည်းက စတင်ရှာဖွေတွေ့ရှိခဲ့တယ်။

**Yadanar Aung** (b.1998) was born and raised in Yangon. She discovered her affinity to space, stories, and psyche since her design student days.



Performance

နေကြာပန်းတွေ နံ့တယ် ၂.၀
© ရတနာအောင်
*Sunflower Smells 2.0*
*© Yadanar Aung*

FEATURE ARTIST #2

“ခတတ်ရိုက်ခတတ်ဆင် အခမ်းအနားတွေလို ကြုံရာကျပန်းဆန်တဲ့ လုပ်ဆောင်မှုတွေက ငါတို့ရဲ့ ဆုတောင်းတွေ၊ အိပ်မက်တွေကို အမှန်တကယ် လက်တွေ့မှာ ဖြစ်လာမယ်လို့ အာမ မခံနိုင်ဘူး။ ဒါပေမဲ့လည်း အဲဒါတွေက အတိုင်းအတာတစ်ခုအထိ ငါတို့ကို စိတ်လုံခြုံမှုနဲ့ စိတ်ကျေနပ်မှုတွေကို ပေးနိုင်တယ်လို့ ခံစားရတယ်”လို့ ရတနာအောင်ကပြောတယ်။ အနုပညာရှင်ရဲ့ ခေါင်းမာပြီး မိမိကိုယ်ကိုစိတ်ဝင်စားမှု အပေါ်ကိုသာ အခြေခံတဲ့ ကမ္ဘာကို မြင်တဲ့ အမြင် ကတော့ ဘာသာရေးအားသန်ပြီး အယူသီးတဲ့ မိခင်ရဲ့ လွှမ်းမိုးမှု တစ်စိတ်တစ်ပိုင်းပါနေတယ်။ ထိန်းချုပ်မှုနဲ့ ပရမ်းပတာဖြစ်မှုများကြားမှာ တွဲလဲခိုနေတဲ့ ကမ္ဘာကို ရတနာအောင်က သူတစ်ဦးတည်းရဲ့ ယုတ္တိဗေဒအယူအဆတွေနဲ့ မှော်စွမ်းအား တွေနဲ့သာ တည်ဆောက်ထားတယ်။

“နေကြာပန်းတွေနံတယ်” စီးရီးက စာတစ်ပုဒ်နဲ့ စတဲ့ (ပြကွက် ၁ : နေကြာပန်းတွေနံတယ်။ )၊ ပါဖော်မင့်လက်ရာဖြစ်တဲ့ ( ပြကွက် ၂ : ဝမ်းနည်းနေတဲ့ လုံမပျိုလေးတွေအတွက် အချစ်ဆေးဖော်တယ်။ ) နဲ့ အင်စတော်လေးရှင်းလက်ရာ ဖြစ်တဲ့ ( ပြကွက် ၃ : ပျော်ရွှင်မှုတွေဟာ တစ်ခဏတာပဲလား။ ) စတဲ့ အတွဲအစပ် (၃)ခုကို တစ်ကွက်ပြီးတစ်ကွက် ဆင့်ကဲဖန်တီးထားတာပါ။

“Rituals, these seemingly random acts, don’t guarantee our wishes. But they do give us a sense of reassurance and satisfaction,” Yadanar said. The presence of a religious and superstitious mother figure has fueled the artist’s stubborn, self-interested worldview– one bound by her own logic and magic, straddling between control and chaos.

*Sunflowers Smell* is a trivalent series beginning with writing *(Act 1: Nay Kyar Pan Tway Nan Tal)*, performance *(Act 2: I brew love potions for sad maidens)* and installation *(Act 3: Is happiness temporary?)*



ဘိုကလေးဈေး /ရှိ

Bogalayzay /Shi



**The Ex Office (Doh Eain)**

အမှတ် (၁၁၂)၊ ၄၁ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

No. 112, 41st street, Botahtaung Township, Yangon

# 53 THE EX OFFICE (DOH EAIN)

**Doh Eain** is a local social enterprise that specializes in preserving heritage, creating and improving public spaces, and organizing events, campaigns and workshops that connect people to places while empowering them to take part in shaping their city. For */Shi* Exhibition, Doh Eain has generously provided two of its locations on 41st street and 47th street.

**ဒို့အိမ်** သည် အမွေအနှစ်ထိန်းသိမ်းခြင်း၊ အများပြည်သူဆိုင်ရာနေရာများဖန်တီးခြင်း နဲ့ ပိုမိုကောင်းမွန်အောင်မွမ်းမံခြင်း အပြင် အခမ်းအနားများ၊ ကမ်ပိန်းများနဲ့ အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် အများပြည်သူကို မိမိတို့နေထိုင်ရာမြို့ပြပတ်ဝန်းကျင်များကို အတူတကွ ပါဝင်ပုံဖော်ရန် အသိပညာပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်သော ဒေသန္တရစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ **/ရှိ** အိဇ္ဇဘီးရှင်းအတွက် **ဒို့အိမ်**မှ ပြခန်းနေရာများ အဖြစ် ၄၁လမ်း နဲ့ ၄၇လမ်းမှ တည်နေရာနှစ်ခုကို ပံ့ပိုးပေးထားပါတယ်။

## Program

Opening Hrs: 10 AM-5PM (Closed on Mondays)
12 NOV '22 - 11 DEC '22

| Performance /Shi<br>တခဏပြ /ရှိ | Artist Talk /Shi<br>အနုပညာရှင်/ရှိ |
|---|---|
| 20 NOV ‘22<br>3:00 PM | 4 DEC ‘22<br>3:00 PM |

# VENUE EXHIBITION

7.1.2023 - 11.1.2023
9:00 p.m - 5:00 p.m

*အင်္ကျီပါးပုံပြင်*
*by ညဏ်ရဲရင့်ဝင်း*
*A Story of a Burmese Blouse*
*by Nyan Yelyint Win*



**ညဏ်ရဲရင့်ဝင်း** (မွေး-၂၀၀၁ ခုနှစ်)သည် ရန်ကုန်တွင် မွေးဖွားကြီးပြင်းခဲ့ပြီး ပန်းချီနဲ့မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးသူတစ်ဦး ဖြစ်သည်။ အသက်၁၂နှစ်အရွယ် ၂၀၁၃ခုနှစ်မှစ၍ အဖွဲ့လိုက်ပြပွဲသုံးခုတွင် ပါဝင်ပြသခဲ့သည်။ ပန်းချီဆွဲခြင်းအပြင် ရှေးခေတ်ဟောင်း အောက်မေ့ဖွယ် ပစ္စည်းစုဆောင်းခြင်း၊ စာရေးခြင်း၊ သုတေသနပြုခြင်းတို့တွင်ဝါသနာကြီးသူတစ်ဦး ဖြစ်သည်။ လက်ရှိတွင် Myanmar Culture Society- မြန်မာ့ယဉ်ကျေးမှု အသိုက်အဝန်းဆိုသည့် အလွတ်တန်းလူငယ်အဖွဲ့အစည်းတစ်ခုကို ထူထောင်ထားပြီးယင်းအဖွဲ့အစည်းအနေဖြင့် "ဗမာပြည်မှာ နေကြသည် - We Live in Burma" (စက္ခုပသာဒပြပွဲ) နဲ့ "ကမ္ဘာမြေသို့ ... - Dear Earth (ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အသိပညာပေး အနုပညာပြပွဲ) ပြပွဲနှစ်ခုကို ဦးဆောင်ကျင်းပခဲ့ပြီးဖြစ်သည်။

**Nyan Yelyint Win** (b.2001) was born and raised in Yangon. He is an avid lover of paintings and Myanmar culture. Since 2013, when he was 12, he took part in three group exhibitions. In addition to painting, he enjoys collecting, researching and writing about memorabilia. He is the founder of the Myanmar Culture Society, an independent youth organisation, through which he organised We Live in Burma (visual art exhibition) and Dear Earth (environmental awareness art exhibition).

## Associated Activities

**Exhibition Opening**
7 JAN '23

**Heritage Talk**
8 JAN '23



# VENUE ARTWORKS

# PART-1

Photo Series

*ဆေးရုံရက်ချိန်းတွေကို သတိရသား*
*© ရွှေဝတ်မှုန်*
*I Do Miss Hospital Visits*
*© Shwe Wutt Hmon*




**ရွှေဝတ်မှုံ** (မွေး - ၁၉၈၆ ခုနှစ်) ဟာ အစုအဖွဲ့ သမိုင်းများ၊ မိသားစု ဆက်ဆံရေးကြားက နှောင်ကြိုးများ၊ လူသားဆက်ဆံရေးများကြားက ချည်နှောင်မှုများ စတာတွေမှာ အာရုံစူးစိုက်ဖန်တီးခဲ့ပြီး သူမရဲ့ စိတ်နှလုံးနဲ့ နီးစပ်တဲ့ လူတွေ၊ နေရာတွေရဲ့ ပုံပြင်တွေကို တရင်းတနှီး ပြောပြခြင်းနဲ့ ကိုယ်ပိုင် အတွင်းစိတ်ကို ဆန်းစစ်လေ့လာသော ဓာတ်ပုံဆရာတစ်ဦးဖြစ်ပါတယ်။

**Shwe Wutt Hmon** (b.1986) is a Burmese photographer and artist whose works focus on collective histories, familial ties, knots and threads of human relationship and exploring the inner psyche through intimate story telling about people and places close to her heart.

ရွှေဝတ်မှုံရဲ့ "ဆေးရုံရက်ချိန်းတွေကို သတိရသား" ဆိုတဲ့ လက်ရာဟာ ၂၀၂၀ ခုနှစ်မှာ ကြုံတွေ့ရတဲ့ ကပ်ရောဂါ အကြောင်းကို စုစည်းဖော်ကျူးရောင်ပြန်ဟပ်ထားတဲ့ လက်ရာတစ်ခုပဲ ဖြစ်ပါတယ်။

"ဆေးရုံရက်ချိန်းမျိုးတွေတောင် သွားလို့မရတဲ့ ကာလမှာ ငါ့ခန္ဓာကိုယ်ကို ဘာလို့ ငါကိုယ်တိုင် စကင်န်ဖတ်လို့ မရတာလဲ ဆိုပြီး တွေးမိလာတယ်။ ဒါဟာ အတော်ကိုကြောင်တောင်တောင်နိုင်တဲ့ အတွေးမျိုးလည်း ဖြစ်မှာပါ။ ဒါပေမဲ့ ဒီလက်ရာဟာ စီတီစကင်န် ဖတ်ဖို့လိုအပ်နေပြီး ထပ်တလဲလဲ ပြုလုပ်နေရတဲ့ ခွဲစိတ်ခြင်းတွေကနေ ကိုယ့်ခန္ဓာကိုယ်နဲ့ အမာရွတ်တွေကို အမြဲစောင့်ကြည့်ချင်နေတဲ့ ငါနဲ့ အမှန်တကယ်ဖြစ်နေတဲ့ ငါ့ရဲ့ ပုံတူလို့ ခံစားရတယ်။" လို့ရွှေဝတ်မှုံကပြောတယ်။

In *I Do Miss Hospital Visits*, Shwe Wutt Hmon reflects on the solidarity of the 2020 pandemic,

"I started to wonder why I can't scan my body by myself while I can't visit the hospital yet. It might be a silly thought. But I felt that this is my self-portrait, which truly reflects and resonates with me who is in need of a CT scan and always wants to examine her own body and scars from the life-long recurrent operations."

Psyche
© Bodygate

Psyche
© Sai Moon



**စိုင်းမွန်** (မွေး- ၁၉၇၈ ခုနှစ်) ဟာ ငယ်စဉ်ကတည်းက ပန်းချီဆွဲခြင်းကို နှစ်သက်ခဲ့ပါတယ်။ ပန်းချီဆရာ ဦးချစ်ပန်းဆီမှာ ပန်းချီပညာကို သင်ကြားခဲ့တယ်။ ခေတ်ပြိုင်အနုပညာကို ပိုမိုစိတ်ဝင်စားလာခဲ့ပါတယ်။

"Psyche" ဆိုတဲ့ အသုံးအနှုန်းက အီဂျစ်ရဲ့ စကားဖြစ်ပြီး လိပ်ပြာနဲ့ ဝိညာဉ်နှစ်ခုလုံးကို ဆိုလိုပါတယ်။ လိပ်ပြာလုံတယ်၊ လိပ်ပြာသန့်တယ်၊ လိပ်ပြာလွင့်တယ်၊ လိပ်ပြာခေါ်တယ် ဆိုတဲ့ အသုံးအနှုန်းတွေကို ခဏခဏ ကြားလာရတော့ လူတွေနဲ့ လိပ်ပြာ၊ လိပ်ပြာနဲ့ လူ့စိတ်ဝိညာဉ် ဆက်စပ်ပုံကို စိတ်ဝင်စားလာပါတော့တယ်။ လိပ်ပြာနဲ့ စိတ်ဝိညာဉ် ဆက်စပ်တဲ့ ဓလေ့ထုံးစံတွေကိုလဲ မတူညီတဲ့ နိုင်ငံ၊ လူမျိုးတိုင်းရဲ့ ယဉ်ကျေးမှုတွေမှာ တွေ့ရတော့ လက်ရာတစ်ခု ဖန်တီးဖို့ စိတ်ကူးရခဲ့တယ်။ "Psyche" ခေါင်းစဉ်နဲ့ လက်ရာ ကို ပန်းချီ နဲ့ ပေါင်းစပ်ပြီး ဖန်တီးထားပါတယ်။ Installation ကို ရှမ်းရိုးရာ ကုက္ကားနဲ့ ဖန်တီးထားပါတယ်။ ရှမ်းတိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးစံမှာကတော့ ကွယ်လွန်သွားတဲ့ လူရဲ့ စိတ်ဝိညာဉ်ခိုနားနိုင်ဖို့နဲ့ သူတို့ရဲ့ ကုသိုလ်ကောင်းမှုကို သိမြင်နိုင်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျန်ရစ်သူတွေက ဘုန်းကြီးကျောင်းမှာ ကွယ်လွန်သွားသူကို ရည်စူးပြီး ကုက္ကားပြုလုပ်လှူဒါန်းတဲ့ ဓလေ့ ရှိကြပါတယ်။

**Sai Moon** (b. 1978) loved to paint since he was young. He studied painting under the artist, U Chit Pan, but he began to notice that he is more interested in contemporary art.

The word "Psyche" came from the Egyptian language. It refers to both "butterfly" and "soul". Common phrases such as " Late pyar lone tal, late pyar thant tal (trans : clear conscious), late pyar lwint tal (trans : soul was extracted), late pyar khor tl (trans: the soul is summoned)" prompted the artist started to explore the relation between the butterfly and the soul. Seeing the different customs related to butterflies and souls in different countries and cultures, Sai Moon got the idea to create an artwork. *Psyche* consists of paintings and an installation of Shan traditional talismans. In Shan culture, friends and families of the deceased would donate talismans to monasteries so that the soul of the deceased would be able to look back at their good deeds so that they may rest in peace.





၄၆လမ်း /ရှိ

46 Lan /Shi

# QUIET ON 47 (DOH EAIN)

**Quiet on 47 (Doh Eain)**

အမှတ် (၁၆၇)၊ မြေညီထပ် (ဘီ)၊ (၄၇) လမ်း၊ အပေါ်ဘလောက်၊ ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်မြို့။

No.167, Ground floor(B), 47th street, Upper Block, Botahtaung Township, Yangon.

**Doh Eain** is a local social enterprise that specializes in preserving heritage, creating and improving public spaces, and organizing events, campaigns and workshops that connect people to places while empowering them to take part in shaping their city. For */Shi* Exhibition, Doh Eain has generously provided two of its locations on 41st street and 47th street.

**ဒို့အိမ်** သည် အမွေအနှစ်ထိန်းသိမ်းခြင်း၊ အများပြည်သူဆိုင်ရာနေရာများဖန်တီးခြင်း နဲ့ ပိုမိုကောင်းမွန်အောင်မွမ်းမံခြင်း အပြင် အခမ်းအနားများ၊ ကမ်ပိန်းများနဲ့ အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် အများပြည်သူကို မိမိတို့နေထိုင်ရာမြို့ပြပတ်ဝန်းကျင်များကို အတူတကွ ပါဝင်ပုံဖော်ရန် အသိပညာပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်သော ဒေသန္တရစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ **/ရှိ** အိမ္ဘာရှင်းအတွက် ဒို့အိမ်မှ ပြခန်းနေရာများ အဖြစ် ၄၁လမ်း နဲ့ ၄၇လမ်းမှ တည်နေရာနှစ်ခုကို ပံ့ပိုးပေးထားပါတယ်။

## Program

Opening Hrs: 10 AM-5PM (Closed on Mondays)
12 NOV '22 - 11 DEC '22

# VENUE ARTWORKS

## PART-1




Photo Series

ဟောင်လွန်းတဲ့ခွေး လူမလေး
© ရွှေဝတ်မှုန်

*A Barking Dog Never Bites?*
*© YY*

**YY** (မွေး – ၁၉၈၄ ခုနှစ်) ဟာ မြန်မာပြည်ဖွား ပုဂ္ဂိုလ်ရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံဆရာမ တစ်ဦး ဖြစ်ပါတယ်။

**YY** (b.1984) is a personal documentary photographer from Myanmar.

ပါပါး (အဖိုး) အမြဲပြောတာကို မှတ်မိနေတယ်။
"ဟောင်လွန်းတဲ့ခွေး လူမလေး"
အဲဒါ တကယ်လား?

I remember when Papa (grandpa) always told me,
"A barking dog never bites" .
Is it true?





## Opening /Shi
## အိမ္ဘဘီးရှင်းအဖွင့်/ ရှိ

12 NOV '22

/1

**အိမ္ဘဘီးရှင်းအဖွင့်/ရှိ** က /ရှိ အိမ္ဘဘီးရှင်းရဲ့ ဖွင့်ပွဲနေ့ ဖြစ်ပြီး Goethe- Institut Myanmar မှာ ကျင်းပမှာဖြစ်ပါတယ်။ ဒါရိုက်တာရဲ့ အဖွင့်မိန့်ခွန်း၊ ဒါရိုက်တာရဲ့ အဖွင့်မိန့်ခွန်းကို ဘာသာပြန်ဆိုပေးချက်နဲ့ ယဉ်ကျေးမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရဲ့မိန့်ခွန်း၊ ကျူရေတိုရီရယ်အဖွဲ့သားတွေရဲ့ စကားဝိုင်း စတဲ့ အစီအစဉ်တွေပါဝင်မှာဖြစ်ပါတယ်။

**Opening /Shi** is the formal opening ceremony for */Shi* exhibition. It will be held at Goethe-Institut Myanmar. Agenda includes opening speech by director, translations and speech by cultural coordinator, and panel discussion by the curatorial team.

## Artwork Meets Space /Shi
## နေရာ၊ လက်ရာစကားဝိုင်း /ရှိ

/2

**နေရာ၊ လက်ရာစကားဝိုင်း /ရှိ** က အနုပညာရှင်တွေနဲ့ ပြခန်းစီမံသူတွေ အတွက် ဆွေးနွေးပွဲ စကားဝိုင်း အစီအစဉ်ပဲဖြစ်ပါတယ်။ လက်ရာနဲ့ လက်ရာထားရှိပြသရာ နေရာတို့အကြောင်းဆွေးနွေးကြမှာဖြစ်ပါတယ်။

**Artwork Meets Space /Shi** is a discussion between the artists and the art space host throughout the various */Shi* venues. Discussion focuses on the works displayed at the specific spaces.

## Artist Talk /Shi
## အနုပညာရှင်/ရှိ

/3

**အနုပညာရှင် /ရှိ** ကတော့ featured နဲ့ highlight အနုပညာရှင်တွေနဲ့ ကျူရေတာတွေရဲ့ စကားဝိုင်း ဖြစ်ပြီး အနုပညာရှင်၊ လက်ရာ နဲ့ ကျူရေးရှင်းတို့ ဆက်စပ်မှုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

**Artist Talk /Shi** is an individual artist talk for featured and highlighted artists facilitated by a curator/moderator. Discussion focuses on the artist, the work and the curatorial choices.

## Performance /Shi
## တခဏပြ /ရှိ

/4

**တခဏပြ /ရှိ** က ပြဇာတ် နဲ့ ပါဖော်မင့်လက်ရာတွေ ပါဝင်တဲ့ တစ်ကြိမ်တစ်ခါသာ ပြသမယ့် အစီအစဉ်တွေဖြစ်ပါတယ်။

**Performance /Shi** refers to the one-time live performances ranging from theater to performance art during */Shi* exhibition.



## Bus Tour /Shi
## ဘတ်စ်ခရီး /ရှိ

/5

**ဘတ်စ်ခရီး /ရှိ** က /ရှိ အိမ္ဘဘီးရှင်း ပြခန်းတွေအားလုံးကို လမ်းညွှန်ဖြင့် လည်ပတ်ကြည့်ရှုလို့ရမယ့် ဘတ်စ်ကားခရီးစဉ် ဖြစ်ပါတယ်။ စမှတ်ကတော့ Goethe-Institut Myanmar ဖြစ်ပါတယ်။

**Bus Tour /Shi** is a private guided bus tour around the various venues of */Shi*. The bus tour will start from Goethe-Institut Myanmar

## Space : Continuance & Questions /Shi
## နေရာများနဲ့စကားစမြည် /ရှိ

/6

**နေရာများနဲ့စကားစမြည် /ရှိ** က ပြခန်းတာဝန်ရှိသူတွေအားလုံးပါဝင်မယ့် အထူးစကားဝိုင်းဖြစ်ပါတယ်။ Goethe- Institut Myanmar မှာကျင်းပမှာဖြစ်ပါတယ်။

**Space : Continuance & Questions /Shi** is a special dialogue and discussion between the participating spaces of */Shi*. The event will be held at the Goethe-Institut.

## Screening /Shi
## ဗီဒီယိုရုံ /ရှိ

13-15 DEC '22

/7

**ဗီဒီယိုရုံ /ရှိ** က အိမ္ဘဘီးရှင်းမှာ ပါဝင်တဲ့ ရုပ်ရှင်ဇာတ်လမ်းတိုတွေ၊ ဗီဒီယိုလက်ရာတွေ ပြသမယ့် အစီအစဉ်ဖြစ်ပါတယ်။ Goethe-Institut Myanmar မှာ ၁၃ ရက် ၊ ၁၂ လ ၊ ၂၀၂၂ ခုနှစ် ကနေ ၁၅ ရက် ၊ ၁၂ လ၊ ၂၀၂၂ ခုနှစ် ထိ ပြသသွားမှာဖြစ်ပါတယ်။ ပြသတဲ့ ပထမရက်မှာတော့ ပါဝင်တဲ့ အနုပညာရှင်တွေ၊ ဒါရိုက်တာတွေရဲ့ စကားဝိုင်း အစီအစဉ်တွေပါဝင်မှာဖြစ်ပါတယ်။

**Screening /Shi** is the screening event for the film and video works of */Shi*. Screenings will run on rotation basis from 13.12.22 to 15.12.22 at Goethe-Institut Myanmar. The first screening will also include talks and panel discussions by participating artists and directors.

## Music /Shi
## ဂီတ/ရှိ

17 DEC '22

/8

**ဂီတ/ရှိ** က ၁၇ ရက် ၊ ၁၂ လ ၊ ၂၀၂၂ ခုနှစ် မှာ Goethe- Institut Myanmar မှာ Jam it! ကနေ လိုက်ဖ် သံစုံတီးဝိုင်းကျင်းပမှာဖြစ်ပါတယ်။

**Music /Shi** is an indoor live-concert at Goethe-Institute by Jam it! on 17.12.22(Sat).

## Art Writing Open Call /Shi
## အနုပညာစာမူ၊ စာတမ်းဖိတ်ခေါ်ခြင်း /ရှိ

# /9

**အနုပညာစာမူ၊ စာတမ်းဖိတ်ခေါ်ခြင်း /ရှိ** ကတော့ အိဇ္ဇဘီးရှင်းကိုလာရောက်ကြသော အနုပညာစာရေးသူ၊ ဝါသနာရှင်များ အတွက် စာမူစာတမ်းများ ပေးပို့နိုင်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ စာမူနောက်ဆုံး ပို့ပေးရမည့်ရက်ကတော့ ၂၀ ရက် ၊ ၁၂ လ ၊ ၂၀၂၂ ခုနှစ် ဖြစ်ပြီး ရွေးချယ်ခံရသူတွေကို **ဆက်လက် / ရှိ** မှာ ကြေညာပေးသွားမှာဖြစ်ပါတယ်။

**Art Writing Open Call /Shi** is an invitation to submit art writing and critiques about */Shi* exhibition. The deadline to submit is 20.12.22 and selected entries will be announced at **Resume /Shi** event.

## Resume /Shi
## ဆက်လက် / ရှိ
7 JAN '23

# /10

**ဆက်လက် /ရှိ** ကတော့ နှစ်သစ်ကူးနဲ့ ဒီဇင်ဘာ ပိတ်ရက်တွေအပြီးမှာ အိဇ္ဇဘီရှင်းကို ပြန်လည်အရှိန်မြှင့်တဲ့ အစီအစဉ် ဖြစ်ပါတယ်။ Goethe-Institut Myanmar မှာ ကျင်းပမှာဖြစ်ပြီး စူးစမ်းမှုဆန်တဲ့ လက်ရာတွေ၊ ပါဖော်မင့်လက်ရာတွေ ပါဝင်မှာဖြစ်ပါတယ်။ အနုပညာစာမူဖိတ်ခေါ်ခြင်း အစီအစဉ်က ရွေးချယ်ခံရသူတွေကိုလည်း ကြေညာပေးသွားမှာဖြစ်ပါတယ်။

**Resume /Shi** is a re-ignition event after the holidays and new year. It will be held at Goethe-Institut Myanmar. Tentative agenda includes experimental and performance artworks, and announcement of selected Art Writing entries.

## Artist Symposium /Shi
## အနုပညာစာတမ်းဖတ်ပွဲ /ရှိ
9-11 JAN '23

# /11

**အနုပညာစာတမ်းဖတ်ပွဲ /ရှိ** ဟာ Goethe-Institut Myanmar အနုပညာရှင်တွေနဲ့ အခြားဖန်တီးခြင်းဆိုင်ရာလုပ်သားတွေရဲ့ စာတမ်းဖတ်ပွဲ အစီအစဉ်ပဲဖြစ်ပါတယ်။ ပါဝင်မယ့်အနုပညာရှင်တွေနဲ့ ဖန်တီးသူတွေက သူတို့ရဲ့ စိတ်ကူးစိတ်သန်းတွေ၊ အတ္ထုပ္ပတ္တိတွေ၊ နောက်ပြန် အကြောင်းအရာတွေ၊ မှတ်တမ်းတွေ နဲ့ ကြေညာချက်တွေကို လွတ်လွတ်လပ်လပ် တင်ပြနိုင်မှာ ဖြစ်ပါတယ်။

**Artist Symposium /Shi** is a formal conference-format symposium to be held at Goethe-Institut Myanmar for artists and other creative workers. Participating artists and creatives are free to present their inspirations, biographies, retrospectives, documentations, and manifestos at the podium.

## Closing /Shi
## အိဇ္ဇဘီးရှင်းအပိတ်/ ရှိ
12 JAN '23

# /12

**အိဇ္ဇဘီးရှင်းအပိတ် /ရှိ** က /ရှိ အိဇ္ဇဘီးရှင်းရဲ့ ပိတ်ပွဲဖြစ်ပါတယ်။ ၁၂ ရက်၊ ၁ လ ၊ ၂၀၂၃ ခုနှစ် မှာ Goethe-Institut Myanmar မှာကျင်းပမှာဖြစ်ပါတယ်။ ဒါရိုက်တာမှ အပိတ်အမှာစကားပြောကြားခြင်းနဲ့ ကျူရေတိုရီရယ် အဖွဲ့သားတွေရဲ့ အကျဉ်းချုံး အိဇ္ဇဘီရှင်းအကြောင်းမျှဝေခြင်း စတဲ့ အစီအစဉ်တွေ ပါဝင်မှာဖြစ်ပါတယ်။

**Closing /Shi** is the closing ceremony of */Shi* exhibition. It will be held at Goethe-Institute Myanmar. The tentative agenda includes closing speech by the director, closing reflections, and informal recap by the curatorial team.





# KAUNG SU

# ကောင်းဆု

**Venue**
Pansodan /Shi
(Lokanat Galleries)



FEATURE ARTIST #3

**ကောင်းဆု** (မွေး – ၁၉၇၂ ခုနှစ်) သည် ရန်ကုန်မြို့မှာမွေးဖွားကြီးပြင်းခဲ့ပြီး ရန်ကုန် အနုပညာကျောင်းတွင် အချိန်အနည်းငယ် တက်ရောက်ခဲ့ဖူးတယ်။

**Kaung Su** (b.1972) was born and raised in Yangon. He briefly attended Yangon's State School of Fine Arts.




Installation

တကျော့ပြန်သမိုင်း
© ကောင်းဆု

*History Repeats Itself*
*© Kaung Su*



ကမ္ဘာကြီးရဲ့ အဖြစ်ပျက်တွေကို ရှုမြင်ပြီး အာကာသဆိုင်ရာများကို ခြယ်မှုန်းလေ့ရှိတဲ့ အနုပညာရှင်ကောင်းဆုက အမှောင်ထုကို အားလုံးမြင်သာအောင် ဖန်တီးတယ်။ သူရဲ့ မီဒီယမ်တွေဖြစ်တဲ့ ပန်းချီကားတွေ၊ ဆေးထိုးအပ်တွေနဲ့ ဖန်တီးထားတဲ့ ပန်းပုတွေ၊ လူဆံပင်တွေနဲ့ နီယွန်မီးဆိုင်းတွေက သည်းခံမှုအတိုင်းအတာ ကျော်လွန်သွားပြီဖြစ်တဲ့ ယနေ့ရာစုခေတ် သဘာဝတရားကြီးအပေါ် အမှားကျူးလွန်မိတဲ့ အပြစ်သားတွေ ရဲ့ တမန်တော်တွေလို ဖော်ဆောင်နေတယ်။ လူသားမျိုးနွယ်တွေအနေနဲ့ သဘာဝပတ်ဝန်းကျင် အပေါ် ကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက် ပြန်လည် ပေးဆပ်ရတော့မှာကို သတိချပ်စေတယ်။

ရလဒ်တိုင်းက နှစ်ပေါင်း (၁၂,၀၀၀) ရဲ့ အသီးအပွင့်တွေပဲ။ သမိုင်းက ထိန်းချုပ်မှုပျောက်ဆုံးခြင်းတွေ၊ ပြင်ပရန်တွေ၊ ဖရိုဖရဲဖြစ်နေတဲ့ အခြေအနေတွေ၊ ချုပ်နှောင်မှုတွေနဲ့ သွေးဆာမှုတွေဆိုတဲ့ အာကာသမှာဖြစ်ပျက်နေတဲ့အရာတွေကို သင်ခန်းစာတွေလို သင်ကြားတယ်။ ကြယ်တွေ၊ ကံကြမ္မာအနာဂတ်တွေ၊ ထောင်ချောက်တွေက လူသားမျိုးနွယ်ရဲ့ အိပ်မက်တွေပဲ။ သန်းပေါင်းများစွာသော ပြာမှုန့်တွေရဲ့ အော်ဟစ်သံများကို ကြားနေရပေမဲ့ ဘာမှဖြစ်မလာဘူး။ သမိုင်းဟာ တုန်လှုပ်နေတယ်။ ကပ်ဆိုးတွေ နိုးထလာတယ်။ နက်ရှိုင်းတဲ့အတိတ်ဟာ တောက်ပနေဆဲ.....လူမှုအဆောက်အအုံရဲ့ စည်းချက်တွေက ကမ္ဘာမြေကြီးမှာ သွေးခုန်နှုန်းအတိုင်း နိုးထခြင်း၊ ပြိုပျက်ခြင်းနဲ့ ရံဖန်ရံခါ ပြန်လည်မွေးဖွားခြင်းတွေနဲ့ နွမ်းလျစွာ စီးဆင်းနေတယ်။ ခက်ခဲတဲ့ အချိန်တွေဟာ လူသားယဉ်ကျေးမှုတွေကို ပျောက်ပျက်စေပြီး လူ့အဖွဲ့အစည်းကို ပျက်သုဉ်းသွားစေတယ်။ ဆုတ်ယုတ်သွားတဲ့ အတိတ်တွေပေါ်ကနေ ငါတို့ဖြတ်ပြေးခဲ့တယ်....သမိုင်းဟာ ငါတို့ မြင်သာတဲ့ ဖုန်မှုန့်ဖြစ်လာတယ်။

*–ကောင်းဆု၊ "ကောင်းဆု – အနုပညာရှင်၏ အရေးအသားများနဲ့ လက်ရာများ"၊ ၆၆။*

Kaung Su is the world bender, the cosmic artist, who would rather make the darkness visible for all to see. His works-ranging from paintings, syringe sculptures, human hair and neon- are harbingers of a sinister vision of the current century where nature's patience runs out and humans will be forced to pay for our crimes against the environment.

Each result is the blossom of twelve thousand years. History has given us the meaning for spatial lessons: loss of control, attack from outside, disorderly state, arrest, blood thirstiness. Humankind's dreams are their stars, their destiny, their trap. There are billions of different ashes screaming to be heard and nothing will be done. History is quaking. A disaster is waking. The deep past is still bright...The rhythm of civilization flows over the tired earth: rise, collapse, and occasional rebirth in time-pulse. Troubled times washed over civilizations and dragged society away. I ran through the receding past that lies beneath us... history becoming visible dust before us.

*–Kaung Su, Kaung Su: Artist's Writings and Works, 66.*

# LOKANAT GALLERIES




## ပန်းဆိုးတန်း /ရှိ

## Pansodan /Shi

**Lokanat Galleries**

အမှတ် (၆၂)၊ ကုန်သည်လမ်း နဲ့ ပန်းဆိုးတန်း လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

No. 62, Corner of Merchant Road and Pansodan Street, Kyauktada Township, Yangon.

**Lokanat Galleries** was founded in 1971 and is said to be the oldest of the existing galleries in Yangon. It is located on the second floor of Sofaer & Co Building, at the corner of Merchant and Pansodan Street and is historically the heart and soul of the Myanmar art scene.

**လောကနတ် အနုပညာပြခန်း** ကို ၁၉၇၁ မှာတည်ထောင်ခဲ့ပြီး ရန်ကုန်ရှိအနုပညာပြခန်းများအနက် ရှေးအကျဆုံး ပြခန်းဖြစ်ပါတယ်။ ကုန်သည်လမ်းနဲ့ ပန်းဆိုးတန်းလမ်းထောင့်ရှိ Sofaer & Co အဆောက်အအုံရဲ့ ဒုတိယထပ်တွင် တည်ရှိပြီး မြန်မာ့အနုပညာအခင်းအကျင်းရဲ့ သမိုင်းဝင်နေရာ နဲ့ နှလုံးသားဝိညာဉ်လည်း ဖြစ်ပါတယ်။

## Program

Opening Hrs: 10 AM-5PM (Closed on Mondays)
19 NOV '22 - 4 DEC '22

**Artist Talk/Shi**
**အနုပညာရှင်/ရှိ**

19 NOV '22
1:00 PM

**Artist Talk/Shi**
**အနုပညာရှင်/ရှိ**

27 NOV '22
3:00 PM



# VENUE EXHIBITION

16.12.2022 - 19.12.2022
9:00 p.m - 5:00 p.m




*Rebirth (First Solo Exhibition)*
*© Thu Ra Kyaw*

ကျွန်တော် Rebirth ကိုဖန်တီးမှုနောက်မှာ အတွေးအခေါ်ပိုင်းဆိုင်ရာ သဘောတရားတွေ ပါပါတယ်။ ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ထားတာက သတ္တဝါတွေဟာ အတောမသတ်နိုင်တဲ့ မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ပြန်လည်မွေးဖွားခြင်းသံသရာမှာ ကျင်လည်နေကြရတယ်လို့ဆိုပါတယ်။ ဒီနေရာမှာ ကျွန်တော် ဆိုလိုချင်တဲ့ Rebirth အဓိပ္ပာယ်က ဘယ်လိုအခက်အခဲ စိန်ခေါ်မှုတွေပဲရှိခဲ့၊ ရှိနေပါစေ အရှုံးမပေး လက်မမြှောက်ပဲ ဘဝကိုအသစ်တစ်ဖန် ပြန်စတာကို အဓိကပြချင်တာပါ။ Rebirth ဟာ ကျွန်တော်တို့ရဲ့ခက်ခဲကြမ်းတမ်းနေတဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတွေရဲ့ ပုံရိပ်တွေဖြစ်သလို ပိုပြီး ရှင်သန်အားကောင်းလာစေရန် အမှတ်ရစေဖို့ဖြစ်ပါတယ်။ လူမှုရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်...ဆိုင်ရာ ဆိုင်ရာတွေက ကျွန်တော့်ကို Rebirth ရေးဆွဲဖို့ အကြောင်းဖြစ်လာပါတယ်။

I have a deep-rooted philosophical concept behind the creation of the 'Rebirth'. There is a common belief among Buddhists that we all go through endless cycle of birth, death, and rebirth. Here, I would like to highlight the conceptual meaning of rebirth to start over again and bringing back to life without giving up or surrender no matter what happened or the challenges ahead. 'Rebirth' is the reflection of our daily lives and the reminder to make us better and stronger as we have been in difficult situations physically and mentally. I am inspired to create 'Rebirth' witnessing all aspects socially, politically, culturally, environmentally.

12.12.2022 - 14.12.2022
9:00 p.m - 5:00 p.m



*Market-day (Second Solo Show)*
*© Kyi Thar Aye*

၂၀၁၇ က ကျမတို့ ရှမ်းပြည်နယ်တဝိုက် အောက်ဒိုးထွက်ရင်းနဲ့ (၅)ရက်ဈေးနေ့တွေကို သွားရောက်လည်ပတ်ခဲ့ကြပါတယ်။ ဈေးတွေရောက်ရင် ရိုးသားတဲ့ တိုင်းရင်းသားတွေ၊ လတ်ဆတ်တဲ့ အသီးအနှံတွေနေရောင်အောက်မှာ အရောင်အသွေးအစုံလှနေတာကို တွေ့ရှိခံစားရင်း ဒီပန်းချီပြပွဲကို ဖန်တီးရေးဆွဲဖြစ်ခဲ့ပါတယ်။ – *ကြည်သာအေး*

Kyi Thar Aye said, "I went to the (5) days market during my outdoor sketching visit back in 2017. The vibrant and colorful aura of the Shan people and fresh nature products inspired me to start this painting series."

# TOE WAI

# တိုးဝေ




**Venue**
Pansodan /Shi
(Lokanat Galleries)



FEATURE ARTIST #4

**တိုးဝေ** (မွေး– ၁၉၉၁ ခုနှစ်) ကို စေတန် လို့လည်း သိကြပါတယ်။ သူဟာ စက်ဘီးတစ်စီးရယ် မှုတ်ဆေးဘူးတွေရယ်နဲ့ လမ်းမတွေပေါ် လျှောက်သွားနေသူ၊ အိမ်မက်တွေ၊ စိတ်ကူးတွေ အပြည့်နဲ့ သူဟာ လွတ်လွတ်လပ်လပ် ပျံသန်းနေသူဖြစ်တယ်။

**Toe Wai** (b.1991) better known by his alias, Satan, always walks down the street with two things, a bike and spray paints.



Painting


*တိုးဝေ မြင်တဲ့ ပန်းပွင့်လေးတွေ*
*© တိုးဝေ*
*Flowers Within*
*© Toe Wai*

မြန်မာပြည်က နံရံတွေပေါ်မှာ ဂရပ်ဖီတီတွေ၊ နံရံဆေးပန်းချီတွေ နှစ်ပေါင်းများစွာဖန်တီးပြီးနောက် တိုးဝေဟာ ကြားကာလအချိန်တွေမှာ သူ့ရဲ့အခြားဝါသနာဖြစ်တဲ့ ပန်းချီကို အချိန်ပေး မြုပ်နှံခဲ့တယ်။ Flowers Within ကားအတွက် မြန်မာပြည် အရှေ့မြောက်ပိုင်းက လူစည်တဲ့ လက်ဖက်ရည်ဆိုင်ရဲ့ အလယ်မှာ ပုံကြမ်းတွေ တစ်ထိုင်တည်းဖန်တီးခဲ့တယ်။ တောင်ကြီးက ရှုခင်းတွေက တစ်ဆင့် သက်ဝင်ခံစားပြီး သူသွားတဲ့နေရာတွေတိုင်းကို သူငယ်ချင်းတွေနဲ့ သူ့ရဲ့အိမ်ကို အချိန်ယန္တရားတစ်ခုနဲ့ တယ်လီပို့ခေါ်ဆောင်တယ်။ တိတ်ဆိတ်တဲ့ ဘဝအခိုက်အတန့်တွေကို အာရုံစိုက်ပြီး အန္တရာယ်တွေဟာ တစ်ချိန်မှာသူ့အလိုလို ကင်းငြိမ်းသွားလိမ့်မယ်ဆိုတဲ့ အသိတွေနဲ့ ရှေ့ဆက်တယ်။

တိုးဝေရဲ့ ပန်းချီကားအများစုက မြန်မာပြည်ရဲ့ သဘာဝမြို့ပြရှုခင်း တွေကို အနုပညာရှင်ရဲ့ အမြင်အာရုံ အဘိဓာန် ထူးခြားဖွံ့ဖြိုးမှုတွေနဲ့ ပေါင်းစည်းတင်ဆက်တယ်။ သိသာထူးခြားတဲ့ အခရစ်လစ်စုတ်ချက်တွေကို အိပ်မက်ဆန်ဆန်လွင့်မျောနေတဲ့ ဆန့်ကျင်ဘက် ရေဆေးနဲ့ ရောနှောထားတယ်။ ပျော့ပျောင်းတဲ့ ရေဆေးနဲ့ တောက်ပြောင်တဲ့ အခရစ်လစ်ဆေးက လူတွေဆီကနေ "တိုးဝေ မြင်တဲ့ ပန်းပွင့်လေးတွေ" လို စိတ်ကူးယဉ်စရာ သက်ရောက်မှုတွေ တိုးမြှင့်ပေးတယ်။ "ကျနော့်ရဲ့ လက်တွေ့ဘဝနဲ့ စိတ်ကူးစိတ်သန်းကြားက နုနယ်သေးတဲ့ ဆက်ဆံရေးကို ရောင်ပြန်ဟပ်နေတဲ့ မျက်နှာပြင်တွေကို ဂရုတစိုက်ပေါင်းစပ်ရတာမျိုးကိုနှစ်သက်ပါတယ်။" လို့ တိုးဝေ ကပြောပါတယ်။

After years of graffiti and mural works on the streets and walls of Myanmar, the gap years afforded Toe Wai more time to devote to his passions. In this painting Flowers Within, Toe Wai is depicted live sketches in the middle of a crowded tea-shop at the North-Eastern State of Myanmar. Inspired by the landscapes of Shan State, Toe Wai brings his house, his friends, teleporting and time-traveling with him to every place he went, calling attention to the quiet moments of life and the knowledge that all disturbances eventually calm.

In almost all of his paintings Toe Wai marks a new development in his distinctive visual lexicon with the addition of Myanmar's natural city-scape. Toe Wai has combined his iconic compositions of the acrylic brush, an idyllic reverie, enameling with contrasting washes of watercolor. The interplay of viscous, glossy paint with delicate watercolor enhances the dream-like conceivable effect of flowers he saw among people. Toe Wai added, "I love to carefully interweave the two visions from my head as the reflection or a mirage from a surface, a playful comment on the fragile relationship between my reality and my imagination."



မော်တင် /ရှိ

Maw-Tin /Shi

**Myanm/art**

အမှတ် (၆၄)၊ မြေညီထပ်၊ လမ်းသစ်လမ်း၊ အောက်ဘလောက်၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့။

No. 64, Ground Floor, Lan Thit Street (Lower Block), Lanmadaw Township, Yangon.



# MYANM/ART

**Myanm/art** is currently the only contemporary art space in Yangon. Since its founding in 2016, Myanm/art has been a committed supporter of new and experimental works and expanding subcultures, hosting exhibitions, concerts, artist talks and other events. Myanm/art is also the homebase of Myanmar Art Resource Center and Archive (MARCA).

**Myanm/art** အနုပညာပြခန်းဟာ လက်ရှိတွင် ရန်ကုန်မြို့ရဲ့ တစ်ခုတည်းသော ခေတ်ပြိုင်အနုပညာပြခန်း ဖြစ်ပါတယ်။ စတင်တည်ထောင်တဲ့ ၂၀၁၆ ခုနှစ်ကစတင်ပြီး အသစ်အသစ်သော စမ်းသပ်ခြင်းသဘောဆန်တဲ့ လက်ရာများနဲ့ ယဉ်ကျေးမှုခွဲများ ကို တက်ကြွစွာပံ့ပိုး ထောက်ပံ့ပေးလျက်ရှိပါတယ်။ ပြပွဲများ၊ ဖျော်ဖြေပွဲများ၊ အနုပညာရှင်ဟောပြောပွဲများနဲ့ အခြားပွဲများကို ပုံမှန်ကျင်းပလျက်ရှိတယ်။ Myanm/art ဟာ မြန်မာအနုပညာ အရင်းအမြစ်စင်တာရဲ့ ပင်တိုင်နေရာလည်း ဖြစ်ပါတယ်။

## Program

Opening Hrs: 10 AM-5PM (Closed on Mondays)
12 NOV '22 - 11 DEC '22

**Artwork Meets Space/Shi**
နေရာ၊ လက်ရာစကားဝိုင်း /ရှိ

3 DEC ‘22
3:00 PM

# VENUE ARTWORKS



# PART-1

Digital Collage
and Lo-fi Rap

*ကယ်လီဖိုးနီးယား အဆီပိုနွေဂီတ*
*© Hanreality and Jixk Gabby*

*California Fat Summer Music*
*© Hanreality and Jixk Gabby*



**ဟန်ရီရယ်လက်တီ** (မွေး – ၁၉၉၉ ခုနှစ်) က မန္တလေးမှာမွေးဖွားကြီးပြင်းခဲ့တဲ့ ဒစ်ဂျစ်တယ်ကိုလက်ချ် အနုပညာရှင်တစ်ဦးဖြစ်ပါတယ်။

**ဂျစ်ဂတ်ဘီ** (မွေး – ၂၀၀၀ ခုနှစ်) က မန္တလေးမှာ မွေးဖွားကြီးပြင်းတဲ့ ရက်ပ်အဆိုတော် လူငယ်တစ်ဦးဖြစ်ပါတယ်။

သံစုံတီးဝိုင်းလို၊ တစ်ခုခု မဖြစ်ခင် တစ်ခဏဆိုင်းထားတဲ့ အချိန်အပိုင်းအစတစ်ခုလို၊ နွေးထွေးတဲ့နေရောင်ခြည်တွေလို ဖန်တီးထားတဲ့ “ကယ်လီဖိုးနီးယား အဆီပို နွေဂီတ” ဟာ မန္တလေးက လူငယ်အနုပညာရှင်နှစ်ယောက်ရဲ့ ရန်ကုန်မှာကုန်ဆုံးခဲ့တဲ့ အချိန်တွေကို ပြန်လည်တမ်းတထားတဲ့ လက်ရာပဲဖြစ်ပါတယ်။

**Hanreality** (b.1999) is a digital collage artist, born and raised in Mandalay.

**Jixxk Gabby** (b.2000) is a young and passionate rap artist, born and raised in Mandalay.

Symphony, suspense and warm sunshines, California Asi Po Nway Gita, is a collaboration between two artists from Mandalay who spend their halcyon days in Yangon.

# PART-2

Photography, Video and Installation



*The Altar*
*©မိုးမြတ်မေဇာခြည်*

*The Altar*
*© Moe Myat May Zarchi*

**မိုးမြတ်မေဇာခြည်** (မွေး-၁၉၉၄ ခုနှစ်) ဟာ မြန်မာနိုင်ငံတွင် မွေးဖွားကြီးပြင်းတဲ့ ရုပ်ရှင်ဖန်တီးသူ၊ မှန်ပြောင်းပေါ်တွင် မီဒီယာအနုပညာဖန်တီးသူတစ်ယောက်ဖြစ်သည်။ အမြင်နဲ့ အသံဆိုင်ရာ လက်ရာတွေကို စမ်းသပ်ဖန်တီးမှု တွေမှတဆင့် မီတာဖီဇစ်ကယ်၊ အိုင်ဒင်နစ်တီ နဲ့ ဖေးမေးနစ်တီ တို့ကို စူးစမ်းရှာဖွေရတာကို သူက နှစ်သက်ပါတယ်။ သူဟာ Julius Baer Art Prize Moving Image ရဲ့ နောက်ဆုံးဆန်ကာတင်စာရင်းဝင်တစ်ယောက်ဖြစ်သလို တက်သစ်အနုပညာရှင်များအတွက် ချီးမြှင့်သော Prince Claus Fund Seed ဆုကိုလည်း ရရှိထားသူ ဖြစ်ပါတယ်။

ဒီလက်ရာက မိမိရဲ့ သဘာဝလွန်သဘောဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုမှု နဲ့ ဘာသာတရားရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ကြား အတားအဆီးများကို ချိုးဖျက်ဖို့ရယ် လျစ်လျူရှုထားကြတဲ့ လောကီဆိုင်ရာ နေ့စဉ်ဘဝမှ ဆန်းကြယ်တဲ့ ဖြစ်ရပ်များကိုအသိအမှတ်ပြုရန် ရည်ရွယ်ပါတယ်။

“ကျွန်မတို့ရဲ့ လစ်ဟာမှုကို ဖြည့်စည်းဖို့ အထက်ပုဂ္ဂိုလ်တွေကို တိုင်တည်ကြတယ်။ ပြီးမြောက်ဖို့နဲ့ အလုံးစုံပြီးပြည့်စုံမှုတို့ကို အလောတကြီးလိုချင်ကြတယ်။ အလင်းရောင်ဖြာထွက်ခြင်းတွေ၊ ရေစက်ကလေးတွေ ပက်ဖြန်းမှုတွေ၊ မြူမှုန်စက်လေးတွေ ပေါက်ကွဲထွက်ခြင်းတွေက သတိရှိခြင်းရဲ့ သဘောသဘာဝကို အလိုလိုကိုယ်စားပြုနေတယ်။ ဒါတွေဟာ စကြဝဠာရဲ့ စွမ်းအင်တွေပဲ။ သဘာဝတရားရဲ့ ဆုတောင်းတွေပဲ။ ဆုတောင်းခြင်းတွေဟာ အမှန်တကယ်ဖြစ်လာချင်မှ ဖြစ်လာနိုင်သလို အဖြေမရှိတဲ့ မေးခွန်းတစ်ခုလည်းဖြစ်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မရဲ့ မျှော်လင့်ချက်ကို ယုံကြည်ဖို့အတွက် ကျွန်မ ဒီဆုတောင်းကို ရွတ်ဆိုတယ်။ ဒီ Zen Koan ဆိုတဲ့ လက်ရာမှာ ကျမတို့ရဲ့ လျှို့ဝှက်ချက်တွေကို ပြောပြမယ့် ဆုတောင်းတွေကို တွေ့ရှိမှာဖြစ်ပါတယ်”။

**Moe Myat May Zarchi** (b. 1994) is a film director and a lens-based media artist. She loves to explore metaphysical, identity and femininity through experimentations of visuals and sound. She is the finalist of Julius Baer Art Prize Moving Image and won Prince Claus Fund seed awards for emerging artists.

This exhibition aims to project spirituality as an individual interpretation, to break the barriers between and the definition of religions, and to recognize the mystical mundane daily moments that one would ignore.

“To fill our void, we pray to an entity. There is an urgency to be complete and to be whole. Outburst of illuminance, splash of water and sparks of fog represent the instinctive nature of becoming conscious. They are the energy of the universe. They are the prayers of nature. The act of praying is a belief that may or may not come true and a question that doesn’t have any answer. Nonetheless, I chant to believe in my own hope. In this visual zen koan, we will find the prayers which will tell the secret to ourselves.”



## ဆိပ်ကမ်းသာ /ရှိ

## Seikkantha /Shi



### KALASA Art Space

အမှတ် (၉၁-၉၃)၊ ပထမထပ် (လက်ဝဲ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
No. 91-93, 1st Floor (Left), Seikkantha Street, Kyauktada Township, Yangon.

# KALASA ART SPACE

**KALASA Art Space** is started home studio in 2016 and founded as a public space in 2019 by Ma Su Htwe and her spouse, artist Htoo Aung Kyaw.

Ma Su Htwe is found of sharing and does  art healing workshops to support the community according to her art space motto, " Art Is Sharing ". KALASA is the name of the pot-like pregnant lady mother's womb, which translates as 'to prosper. Aim to prosper Burmese art sense , it became the name of art space.

KALASA art space mainly features the artwork of famous internationally renowned artist, Aung Myint, in addition to displaying various artworks of promising Myanmar artists. Kalasa also keeps rare book collections as a small archive for all researchers .The historic antique stuffs in the colonial building is very harmonious with the architecture.

KALASA Art Space is a space where there are arts and the hearts.

**ကလသာ အနုပညာပြခန်းလေးကို** မစုထွေး နဲ့ သူမရဲ့ခင်ပွန်းဖြစ်သူ ကိုထူးအောင်ကျော် (Artist Htoo Aung Kyaw) တို့က အတူတကွ ထူထောင်ထားတာဖြစ်ပါတယ် ။ ၂၀၁၆ ခုနှစ်မှာ art studio အနေနဲ့ စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှာပြခန်းအသွင်ဖြင့် ပြောင်းလဲ ဖွင့်လှစ်ခဲ့ပါတယ် ။

မစုထွေးဟာ ခုလိုကာလမှာ အနုပညာနဲ့စိတ်ပိုင်းဆိုင်ရာကို ထောက်ပံ့ပေးဖြစ်တဲ့ Art Healing Workshops များစွာကို သူ့ ပြခန်းရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ ,” အနုပညာဆိုတာ မျှဝေဖို့ ; Art Is Sharing “ ဆိုတာကို လက်ကိုင်ဆွဲကာ အားတက်သရော လုပ်ဆောင်နေသူပါ။ ကလသာ ဆိုတာကတော့ “ကိုယ်ဝန်သည် မိခင်ရဲ့ ဝမ်းဗိုက်နဲ့ တူသောအိုး ” လို့ အဓိပ္ပါယ် ရပါတယ် ။ ဆိုလိုရင်းကတော့ တိုးပွါးခြင်း ၊ ပွါးများခြင်းဆိုတဲ့ အဓိပ္ပါယ်ပါ ။ မြန်မာ့အနုပညာကို ဒီကလသာ ပြခန်းလေးက တဆင့် ဆင့်ပွါးလက်ဆင့်ကမ်းလိုတဲ့ စိတ်ဆန္ဒနဲ့ ဒီနာမည်လေးဟာ ပြခန်းလေးရဲ့ နာမည်ဖြစ်လို့လာခဲ့တာပါ။

ဆရာအောင်မြင့်ရဲ့ လက်ရာအမြောက်ဆုံး ပန်းချီကားတွေ သာမက တခြား နာမည်ကျော် ပန်းချီကားကောင်းတွေကိုလည်း ပြခန်းစုဆောင်းမှုအဖြစ် ထားရှိထားပါတယ်။ ကလသာပြခန်းရဲ့ နောက်ထပ်စုဆောင်းမှုအဖြစ် စာပေဝါသနာအိုးတွေအတွက် စာကြည့်တိုက်ငယ်လေးတခုကို ဖန်တီးပေးထားပါတယ်။ ကိုလိုနီခေတ်တိုက်ခန်းလေးထဲမှာ ရှေးဟောင်းပရိဘောဂပစ္စည်းများနဲ့ ပန်းသင့်လှပါတယ်။

ကလသာ ဟာ အနုပညာနဲ့ နှလုံးသားတို့ စုစည်းထားတဲ့ ရပ်ဝန်းငယ်လေး ဖြစ်တဲ့အတွက် အနုပညာကို တန်ဖိုးထားသူတွေကို အစဉ်အမြဲ နွေးနွေးထွေးထွေး ကြိုဆိုနေပါတယ်။

## Program

Opening Hrs: 10AM-5PM (Closed on Mon & Tues)

12 NOV '22 - 27 NOV '22

**Artwork Meets Space /Shi**
**နေရာလက်ရာစကားဝိုင်း/ရှိ**

20 NOV ‘22
12:30 PM

**Reconnect Yourself Through Art Workshop by Kalasa**

27 NOV ‘22
12:00 PM



# VENUE PROGRAM

17.12.2022 - 2.1.2033
10.00 AM - 5.00 PM

*ကလသာရဲ့အရှိတရား ပထမပိုင်း*
*{Kalasa Yeah Ashi Taya:} Part-1*

*3 As Art Exhibition by*
*Aung Myint, Aung Ko & Htoo Aung Kyaw*



ကလသာမှာ ရှိနေတဲ့ အရှိတရား ( စုဆောင်းမှုများ ) ထဲမှ ရွေးချယ် ပြသသွားမယ့် ပွဲလေးဖြစ်လို့ ကလသာရဲ့ အရှိတရားလို့ အမည်ပေးဖြစ်လိုက်ပါတယ် ။

ကလသာ ရဲ့ အရှိတရား **ပထမပိုင်းကတော့** 3As Art Exhibition ဖြစ်ပါတယ် ။

ကလသာရဲ့ အဓိက အနုပညာရှင်တွေဖြစ်ကြတဲ့ Artist Aung Myint , Artist Aung Ko နဲ့ Artist Htoo Aung Kyaw တို့ရဲ့ မတူညီတဲ့ concept နဲ့ ဖန်းတီးထားတဲ့ သူတို့ရဲ့ အနုပညာလက်ရာများကို တင်ဆက်ပြသသွားမှာ ဖြစ်ပါတယ် ။

Kalasa Art Space would love to present some prevailing artworks and popular Art Workshop in this exhibition.

There are 3 Main Parts in {Kalasa’s Year Ashi Taya:}.

**First and Foremost**, “3 As Art Exhibition" of premier artists of Kalasa such as Artist Aung Myint , Artist Aung Ko and Artist Htoo Aung Kyaw. Contemporary artworks based on their own stories about Myanmar will be presented.

17.12.2022 - 2.1.2033
10.00 AM - 5.00 PM

*ကလသာရဲ့အရှိတရား ဒုတိယပိုင်း*
*{Kalasa Yeah Ashi Taya:} Part-2*

*Printed Works by*
*Mark Prykaza*



**ဒုတိယပိုင်း အနေနဲ့ ပြသသွားမှာကတော့**

ကလသာရဲ့ စုဆောင်းမှု အပိုင်းများထဲမှ တစ်ပိုင်း ဖြစ်တဲ့ ရှားပါး printed artworks များကို ပြသသွားမှာဖြစ်ပါတယ် ။ ဒ့ါအပြင် Dutch Artist Mark Prykaza ရဲ့ print artworks များကိုပါ တွဲဖက်ပြသသွားမှာဖြစ်ပါတယ် ။

ပထမ ပိုင်းနဲ့ ဒုတိယ အပိုင်းကို ဒီဇင်ဘာလ ၁၇ ရက်နေ့မှ ဇန်နဝါရီ လ ၂ ရက်နေ့ အထိ ကလသာ အနုပညာပြခန်းမှာ ပြသပေးထားမှာဖြစ်ပါတယ် ။

**Second part** would be scarce printed art works from the collections of Kalasa Art Space.  in addition, Dutch Artist Mark Prykaza's print works would be exhibited.

29.12.2022
To Be Declared

*ကလသာရဲ့အရှိတရား တတိယပိုင်း*
*{Kalasa Yeah Ashi Taya:} Part-3*

*Year End Reflective Art Workshop*



30.12.2022
To Be Declared

*ကလသာရဲ့အရှိတရား တတိယပိုင်း*
*{Kalasa Yeah Ashi Taya:} Part-3*

*Creative Resolution Art Workshop*



**တတိယအပိုင်း** လေးကတော့ Art Therapy Workshop လေးပါ။ ဒီတစ်ခေါက်မှာတော့ နှစ်ကုန်ခါ လည်း နီးလာပြီဆိုတော့ Year End Reflective Art Workshop လေး နဲ့ နှစ်သစ် New Year Resolution အတွက် လည်း အထောက်အကူပြုနိုင်မယ့် Creative Resolution Art Workshop လေးကိုပါ ကလသာရဲ့ ပွဲကိုင်ရှင် နှစ်ဦးဖြစ်တဲ့ ကိုထူးအောင်ကျော်နဲ့ မစုထွေးအောင်တို့က စီစဉ်ပေးသွားမှာပဲ ဖြစ်ပါတယ်။ အဲ့ဒီ workshop လေးကိုတော့ ဒီဇင်ဘာ ၂၉ နဲ့၃၀ ရက်နေ့မှာ ပြုလုပ်ပေးသွားမှာဖြစ်ပါတယ် ။

**Last, but not least,** Art Workshop which is very demanding and popular in the community. Year End Reflective and Creative Resolution would be of the essence in this Art Therapy Workshop which will be held December 29th and 30th.

# VENUE ARTWORKS




## PART-1

Installation

*Pavillion for Reconnect*
*© Bodygate*

*Psyche*
*© May Phue Thet*



**မေဖူးသက်** (မွေး – ၁၉၉၂ ခုနှစ်) ဟာ မန္တလေးက အနုပညာရှင်တစ်ဦးဖြစ်ပါတယ်။ ဝတ်စုံ နဲ့ အထည်များပေါ်တွင် အသေးစိတ်ပန်းထိုးတဲ့ အနုပညာလက်ရာများကို ဖန်တီးလေ့ရှိပါတယ်။

**May Phue Thet** (b. 1992) is an artist from Mandalay. She is known for her detailed em-broidered works on costumes and fabrics.

Covid-19 အကျပ်အတည်းတွင် လူစုလူဝေးနဲ့ ဝေးကွာခြင်းအပြင် စုဝေးခြင်းကို ကန့်သတ်ထားတာကြောင့် ဒီနှစ်ပိုင်းခြားတွေမှာ လူမှုအဝိုင်းအဝန်းက ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများကို ရပ်နားထားရပါတယ်။ ဒါပေမဲ့ ရပ်ရွာလူထုရဲ့ ဆုံစည်းမှုအငွေ့အသက်တွေနဲ့ ငယ်စဉ်ကလေးဘဝ အမှတ်တရပွဲလမ်းသဘင်တွေကို မေဖူးသက်က ပြန်လည်တမ်းတမိခဲ့တယ်။ ဒီလက်ရာတွင် ဆိုရှယ်မီဒီယာနဲ့ အွန်လိုင်း အချုပ်အလုပ် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကနေ ပိတ်စများ လှူဒါန်းဖို့ ဆော်သြခဲ့ပြီး အဲဒီမှတစ်ဆင့် ပိတ်စအထည်များကို စုဆောင်းပြီး ပြန်လည်ချိတ်ဆက်ပြတဲ့ အင်စတော်လေးရှင်းတစ်ခုကို ပြုလုပ်ခဲ့ပါတယ်။ ဒီနည်းလမ်းနဲ့ သူက လူထုအခြေပြုအနုပညာနဲ့ ယဉ်ကျေးမှုအငွေ့အသက်ကို ပြန်လည်မွေးမြူလိုခြင်း ဖြစ်ပါတယ်။

Due to social distancing and gathering restrictions under the Covid-19 crisis, many community cultural activities have halted. May Phue Thet muses over the spirit of community gatherings and childhood memories of festivals. In this project, she creates an installation by using the textiles which were collected via a call for donation on social media and an online sewing workshop for Reconnect where everyone can recultivate the community spirit after a long hiatus.

# AYATHAKAN



အောင်မင်္ဂလာ (ကျောက်မြောင်း) /ရှိ

Aung-Mingalar (Kyauk Myaung) /Shi

**Ayathakan**

အမှတ် (၃)၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

No.3, Dagon Thiri street, Kyaung Myaung, Tamwe Township, Yangon

**Ayathakan** is a creatives' hangout, a community open studio, and tea shop. It embodies the bold and free energy of live bands, performances, and encourages artists and creatives to chase their dreams to any extent.

**အရသာခံ** သည် ဖန်တီးသူများ ဆုံဆည်းရာ၊ အများသုံးစတူဒီယို နဲ့ လက်ဖက်ရည်ဆိုင်တစ်ခု ဖြစ်ပါတယ်။ ၎င်းသည် တိုက်ရိုက်တီးဝိုင်းများ၊ ပါဖောမန့်တင်ဆက်မှုများ ပုံမှန်ကျင်းပလျက်ရှိပြီး အနုပညာရှင်နဲ့ ဖန်တီးသူတွေရဲ့ အိပ်မက်တွေကို မည့်သည့်နည်းနဲ့မဆို အကောင်ထည်ဖော်ဖို့ အမြဲအားပေးနေတဲ့ နေရာတစ်ခုဖြစ်ပါတယ်။

## Program

Opening Hrs: 10AM-7PM (Closed on Mondays)

12 NOV '22 - 3 DEC '22

### Performance /Shi
### တခဏပြ/ ရှိ

19 NOV '22
4:00 PM

### Artwork Meets Space/Shi
### နေရာ၊ လက်ရာစကားဝိုင်း /ရှိ

26 NOV '22
3:00 PM

# VENUE EXHIBITION



30.12.2022
To Be Declared

*Creators' Showcase*



မြန်မာနိုင်ငံမှာ ဆက်လက်ရှိနေခဲ့တဲ့ ဖန်တီးသူပညာရှင်များကို အရသာခံမှနေပြီး တင်ဆက်ပေးမှာဖြစ်ပါတယ်။ သီချင်း၊ ပန်းချီ နှင့် အက ပိုင်းတွေမှ ဖန်တီးသူများကို တင်ဆက်ပေးသွားမှာဖြစ်ပါတယ်။

Showcasing the creators who are still creating and expressing their work till this day. Ayathakan will be curating the creators from the music, art and dance scene.

8.1.2023
To Be Declared

*Ayathakan's Workshop*



အရသာခံမှနေပြီး နယ်ပယ်မျိုးဆုံမှ ကျွမ်းကျင်ဖန်တီးသူများနှင့်ပူးပေါင်းပြီး လူတိုင်းတက်ရောက်နိုင်မည့် workshop တစ်ခုကိုစီစဉ်သွားမှာဖြစ်ပါတယ်။ လာရောက်သူများအနေဖြင့်လဲ ဆက်လက် /ရှိ ပြီးဖန်တီးသွားဖို့ အကြောင်းအရာများလဲ ရှာဖွေတွေ့ရှိသွားစေဖို့ရည်ရွယ်ပါတယ်။

Ayathakan will be facilitating a workshop exhibition in partnership with the craft masters and inviting the community to join the workshop and empower them to create/express and find a reason to keep creating.

# VENUE HIGHLIGHTS

# PART-1

Painting



*Isolabition Prankster*
*© အယ်လ်ကို*

*Isolabition Prankster*
*© Alco*


**အယ်လ်ကို** (မွေး- ၁၉၉၉ခုနှစ်) ကို မိုးကုတ်မှာ မွေးဖွားခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ တွင် Yangon School of Design မှာ Interior Design ဘာသာရပ်နှင့် ဒီပလိုမာရရှိခဲ့ပါတယ်။

“ကျွန်တော်တို့ နေ့စဉ် ပြဿနာတွေ၊ အကျပ်အတည်းတွေနဲ့ ကြုံတွေ့နေရတယ်။ လူတွေက သေကုန်ပြီ။ ဘယ်သူ့ကိုယုံရမှန်းလည်းမသိဘူး။ အသံကျယ်ကျယ်ရယ်ပစ်လိုက်ချင်တယ်။ ဒါတွေအားလုံးဟာ နောက်ပြောင်မှုတစ်ခုလို့ ဟန်ဆောင်ပြီး ဖြေသိမ့်လိုက်ချင်တယ်။ ရယ်စရာလည်း ကောင်းတယ်။ ဝမ်းနည်းစရာလည်း ကောင်းတယ်။ ဒါကြောင့် ကျွန်တော့်ပတ်ဝန်းကျင်မှာ နေ့စဉ်ကြုံတွေ့နေရတဲ့ အတွေ့အကြုံတွေကနေအနုပညာကို ဖန်တီးဖြစ်တယ်။ အရာအားလုံးကို နောက်ပြောင်မှုအဖြစ်ပြောင်းလဲလိုက်တယ်။”

**Alco** (b.1999) was born in Mogok. He graduated with a diploma in Interior Design from Yangon School of Design in 2016-2017.

“We are facing problems and crises everyday. People are dying and we don’t know who to trust. I want to laugh it out loud, pretend that all this is a prank and ease myself with it, which is funny and sad at the same time. So I am creating art through the experience that I am having daily around me and turning everything into a prank.”

Music Video




*Gone*
*© Jimmy Jacobs*

**Jimmy Jacobs** ဟာ underground မြူးဇစ်လောကမှ သူ့ရဲ့ ဟစ်ဟော့ပ် အနုပညာလမ်းကြောင်းကို စတင်လျှပ်ရှားလာသူဖြစ်ပါတယ်။ ယခုပြပွဲမှာ သူ့ရဲ့ အသစ်ဆုံးသော သီချင်း “Gone” ကို မြူးဇစ် ဗီဒီယိုအဖြစ် ပါဝင်ပြသထားပါတယ်။

**Jimmy Jacobs** is a hip-hop artist who started pursuing his career from the underground music industry. Jimmy produced his newest music video, “Gone” in this Reconnect programme.

Painting



*တေဘုန်းမှာ*
*© ဗဂျီ*

*Tay Bone Hmar*
*© Ba G*

**ဗဂျီ** (မွေး - ၁၉၈၃ ခုနှစ်) က ရွှေဘို ဇာတိဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ သူဟာ ပန်းချီစတင်ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ အနုပညာပြပွဲများတွင် စတင် ပါဝင်ပြသခဲ့ပါတယ်။

“ကိုဗစ်-၁၉ ဟာ ရှင်သန်ခြင်းနဲ့ သေဆုံးခြင်းသဘောကို အမြဲစဉ်းစားစေခဲ့တယ်” လို့ ဗဂျီက ပြောတယ်။ “ဘဝသံသရာဆိုတာက အိပ်စက်ခြင်းနဲ့ နိုးထခြင်းရဲ့ဖန်တလဲလဲ၊ တစ်ခုပြီးတစ်ခု ဖြစ်နေတဲ့ သဘောတရားပဲ။ အိပ်စက်ခြင်းကို ကျနော်တို့ နောက်နေ့ လုပ်ဆောင်ရမယ့် လုပ်ငန်းဆောင်တာတွေအတွက် အနားယူခြင်းသဘောလို့ မြင်မယ်ဆိုရင် သေဆုံးခြင်းဟာလည်း ကနော်တို့ကို အနားယူစေပြီး ဘဝအသစ် စတင်ဖို့အတွက် အားအင်ဖြည့်တင်းခြင်းလို့ ရှုမြင်သတ်မှတ်လို့ရတယ်။ ဤသဘောတရားမှာ သေခြင်းတရားဆိုတာကိုလည်း ရှင်သန်ခြင်းနဲ့ ထပ်တူ တန်ဖိုးထားသင့်တဲ့ ကောင်းချီးတစ်ခုအနေနဲ့ လက်ခံရမယ်။ သေဆုံးခြင်းဟာ အသက်ကင်းမဲ့ခြင်းဆိုတာထက် သာလွန်နေတာကို ကျနော်တို့ တဖြည်းဖြည်းနားလည်လာတယ်။ သေဆုံးခြင်းက ရှင်သန်ခြင်းနဲ့အတူ ပိုမိုအဓိပ္ပာယ်ရှိခြင်း၊ အလုံးစုံဖြစ်တည်ခြင်းတို့ရှိဖို့ အတွက် လိုအပ်တဲ့အရာပဲဖြစ်တယ်။ မွေးဖွားခြင်းက ဒဏ္ဍာရီလိုပဲ ဆန်းကြယ်တယ်။ ဘာတွေဖြစ်လာမယ်ဆိုတာကိုမသိဘူး။ ဒါပေမဲ့ ကျနော်တို့ ဘယ်လိုအရာတွေကိုမွေးဖွားပြီး အတူရှင်သန်သွားလဲဆိုတာပေါ်မှာပဲမူတည်တယ်။”

**Ba G** (b.1984) was born in Shwebo. He started painting in 2014 and he has participated art exhibitions.

“COVID-19 made me think of life and death all the time,” Ba G said, “Cycles of life and death can be likened to the alternating periods of sleep and wakefulness. Just as sleep prepares us for the next day’s activity, death can be seen as a state where we rest and replenish ourselves for a new life. In this light, death should be acknowledged, along with life, as a blessing to be appreciated. We are beginning to understand that death is more than the absence of life; that death, together with an active life, is necessary to form a larger, more essential, whole. Birth is also a myth and mystery. We have no idea how things will grow, but somehow, it will depend on how we grow together with what we gave birth to.”

# LWIN OO MAUNG

# လွင်ဦးမောင်




**Venue**
Yae-Khae-Saing /Shi (Goethe-Institut Myanmar)



FEATURE ARTIST #5

**လွင်ဦးမောင်** (မွေး – ၁၉၈၃ ခုနှစ်) သည် ကွက်ကွက်ကွင်းကွင်း ပြန်လည်ပုံဖော်ခြင်း သဘောကို အသက်သွင်းတယ်။ သူဟာ သူ့ကိုယ်သူ အပါအဝင် သမိုင်းဝင်ပုဂ္ဂိုလ်များ၊ နတ်များ နဲ့ အယူသီးမှုများကို ပန်းချီ၊ ပန်းပု နဲ့ ပါဖော်မန့် လက်ရာများအဖြစ် ပြန်လည်ပုံဖော်လေ့ရှိပါတယ်။

**Lwin Oo Maung** (b. 1983) embodies the spirit of vivid reimagination. From paintings, sculptures and performance, the artist willingly suspends himself, historical figures, spirits and superstitions within epic chimerical expeditions.



Performance

မောင်နဲ့မယ်
© လွင်ဦးမောင်
*Maung and Mal*
*© Lwin Oo Maung*

လူနှစ်ယောက်နဲ့ အသားတစ်တုံး။ မြန်မာ့ဗေဒင်ပညာမှာ ရက်သတ္တတစ်ပတ်အတွင်းက နေ့နံတွေအလိုက် တနင်္လာ–ကျား၊ အင်္ဂါ–ခြင်္သေ့၊ ဗုဒ္ဓဟူး–ဆင်၊ ကြာသပတေး–ကြွက်၊ သောကြာ–ပူး၊ စနေ–နဂါး နဲ့ တနင်္ဂနွေ–ဂဠုန် ဆိုပြီးသတ်မှတ်ကြတယ်။ လူနှစ်ယောက် အတူတွေ့ဆုံကြတဲ့အခါ သူတို့ရဲ့ ဂြိုဟ်ခွင်တွေအချင်းချင်း မတည့်ရင် ပြဿနာတွေတက်နိုင်တယ်တဲ့။ လွင်ဦးမောင်က အဲလို ယုံတမ်းတွေနဲ့ လွှမ်းမိုးမှုတွေကို စိတ်ဝင်စားတယ်။ သူ့ရဲ့ ဆက်လက်ဖန်တီးနေဆဲဖြစ်တဲ့ "မောင်နဲ့ မယ်" စီးရီးဟာ ကျနော်တို့ ယုံကြည်လက်ခံပြီး ပုံမှန်လို့သတ်မှတ်တဲ့ ယုံတမ်းတွေဟာ နောက်ဆက်တွဲ ရုပ်ပိုင်းဆိုင်ရာ အကျိုးဆက်တွေရှိတယ်ဆိုတာကို ပြသခြင်းဖြစ်ပါတယ်။

Two people and a piece of meat. In Burmese astrology, each day of the week is assigned a spirit animal. Monday-tiger, Tuesday-lion, Wednesday-elephant, Thursday-rat, Friday-guinea pig, Saturday-dragon and Sunday-garuda. When two people get together, the problem is, their spirit animals might not get along and that in turn would cause problems down the line. Lwin Oo Maung is interested in such beliefs and their influence on the everyday. In this continuation of his series *Maung and Mal* [trans: Burmese pair nicknames for two lovers], the artist once again demonstrates that those beliefs we have long normalized around us have physical consequences.

# BUS TOUR/SHI

ဘတ်စ်ခရီး/ရှိ

**Departure Point**
Yae-Khae-Saing /Shi
(Goethe-Institut
Myanmar)

**Please refer to Program Schedule for more Tour details.**

လက်မှတ်ဝယ်ယူရန်
info.ygnshi@gmail.com သို့
ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

Get your tickets at
info.ygnshi@gmail.com

**“ဘတ်စ်ခရီး /ရှိ”** အစီအစဉ်မှာဆိုရင် အိမ္ဘဘီးရှင်းရဲ့ နေရာ ၇ ခုကို ရန်ကုန်မြို့ရဲ့ ဘတ်စ်ကားလမ်းကြောင်းအတိုင်း တစ်နေ့တည်း လည်ပတ်မယ့် အစီအစဉ်ဖြစ်ပြီး လည်ပတ်ရင်းနဲ့ အနုပညာလက်ရာတွေကို ခံစားကြည့်ရှုကြမယ်၊ နေရာတစ်ခုစီရဲ့ စတေကာလေးတွေ စုကြမယ်၊ အစီအစဉ်တွေမှာ ပါဝင်ကြမယ်။

ဘတ်စ်ခရီးစဉ်ကို လူဦးရေကန့်သတ်ထားပြီး ခံစားမှုတန်ဖိုးတစ်ခုခုရှိစေဖို့ **“ဘတ်စ်ခရီး /ရှိ”** လက်မှတ်တွေကို သိပ်မများလှတဲ့ ဈေးနှုန်းနဲ့ ရောင်းချသွားမှာ ဖြစ်ပါတယ်။

**Bus Tour/Shi** is a program that gives everyone a chance to visit all 7 art spaces in one day. Let's visit **/Shi** with Bus Tour/Shi to see the artworks, collect the stickers from each art spaces and join in other exciting programs with us.

**Bus Tour/Shi**'s tickets will be sold in a limited number with a reasonable price to have some sense of sentimental value.



# SYMPOSIUM /SHI

**Venue**
Yae-Khae-Saing /Shi
(Goethe-Institut
Myanmar)

**Day-1**
*Date:* 9 JAN ‘23 (Monday)
*Time: Begins at 10 AM*

**Day-2**
*Date:* 10 JAN ‘23 (Tuesday)
*Time: Begins at 10 AM*

**Day-3**
*Date:* 11 JAN ‘23 (Wednesday)
*Time: Begins at 10 AM*

**အနုပညာစာတမ်းဖတ်ပွဲ /ရှိ** သည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ မှ ၁၁ ရက်နေ့ အထိ Goethe-Institut Myanmar တွင် အနုပညာရှင်များနှင့် အခြားဖန်တီးခြင်းဆိုင်ရာနယ်ပယ်ရှိ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စာတမ်းဖတ်ပွဲ အစီအစဉ် ဖြစ်ပါသည်။ ပါဝင်မည့် အနုပညာရှင်များနှင့် ဖန်တီးသူများက သူတို့၏ စိတ်ကူးစိတ်သန်းများ၊ အတ္ထုပ္ပတ္တိများ၊ နောက်ပြန် အကြောင်းအရာများ၊ မှတ်တမ်းများ အပြင် ကြေညာချက်များအား လွတ်လပ်စွာ တင်ပြနိုင်မှာ ဖြစ်ပါသည်။

**Artist Symposium /Shi** (09.01.23 - 11.01.23) is a formal conference-format symposium to be held at Goethe-Institut Myanmar for artists and other creative workers. Participating artists and creatives are free to present their inspirations, biographies, retrospectives, documentations, and manifestos at the podium.

# (၁၀)နှစ်ပြည့်

# JAM IT!

**No U Turn**
**Kulture Shock**
**General Tiger Gun**
**Faiaflai**
**Lwin Iz Elephant**
**Sin Sar (Beatbox)**
**Talking Dogs**
**Moe Tin**

ရေခဲဆိုင်/ရှိ
Yae-Khae-Saing/Shi

**Goethe-Institut Myanmar**

ကမ္ဘာအေးဘုရားလမ်း၊နတ်မောက်လမ်းထောင့်၊
ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

Kabar Aye pagoda Road, corner of Nat Mauk Street, Bahan Township, Yangon, Myanmar

| Date | Time |
| --- | --- |
| 17th Dec 2022,Saturday | 4:00 PM to 8:00PM |



# “ Heal It ” Hip Hop concert

## Free Entry

ရေခဲဆိုင်/ရှိ
Yae-Khae-Saing/Shi

**Goethe-Institut Myanmar**

ကမ္ဘာအေးဘုရားလမ်း၊နတ်မောက်လမ်းထောင့်၊
ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

Kabar Aye pagoda Road, corner of Nat Mauk Street, Bahan Township, Yangon, Myanmar

| Date | Time |
| --- | --- |
| 16th Dec 2022, Friday | 5:30PM to 8:00PM |




/SHI
EXHIBITION
MUSIC/SHI

# SCREENING /SHI

**Venue**
Yae-Khae-Saing /Shi
(Goethe-Institut
Myanmar)

Date: 13 DEC '22
Time: 2:00 PM
(Q&A with artists)

Date: 14-15 DEC '22
Time: 10:00 AM,
1:00 PM,
3:30 PM




**A Song of Trishaw (Documentary)**
By Htoo Lwin Myo | Duration – 30:00 mins

**Everyday Needs (Documentary)**
By Mann Pye Phyo Aung aka Gu Gu | Duration – 03:00 mins

**Exit (Animated Documentary)**
By May Thynn Kyi | Duration – 08:30 mins

**Burmese Moon (Short Film)**
By Lin Htet Aung | Duration – 17:46 mins

**Gent's Colorful Days (Animation Short Film)**
By Zephyr Ko | Duration – 04:00 Mins

**No Child Rape | Music Video**
By Catch de White Dove | Duration – 05:17 mins



# PERFORMANCE /SHI

**Venue**
Yae-Khae-Saing /Shi
(Goethe-Institut
Myanmar)

*Artist:* Thukhuma Khayeethae Theatre (TKT)
*Date:* 13 NOV '22 (Sunday)
*Time:* 2:00 PM

*Artist:* Lwin Oo Maung
*Date:* 8 JAN '23 (Sunday)
*Time:* 3:00 PM

**Venue**
Aung-Mingalar /Shi
(Ayathakan)

*Artist:* Jimmy Jacobs
*Date:* 19 NOV '22 (Saturday)
*Time:* 4:00 PM

**Venue**
Bogalayzay/Shi
(The Ex Office-Doh Eain)

*Artist:* Yadanar Aung
*Date:* 20 NOV '22 (Sunday)
*Time:* 3:00 PM

မြန်မာအနုပညာအခင်းအကျင်း နောက်ခံနဲ့ /ရှိ အိဇ္ဇဘီးရှင်း အကြောင်းကို သုံးသပ်ရေးသားဖို့ ပြည်တွင်းပြည်ပ အနုပညာ စာရေးသူတွေကို ဖိတ်ခေါ်လိုက်ပါတယ်။ အိဇ္ဇဘီးရှင်း အကြောင်း ခြုံငုံသုံးသပ်ချက်တွေ၊ အိဇ္ဇဘီးရှင်းထဲက လက်ရာ/ အနုပညာရှင်/ စကားဝိုင်း/ အစီအစဉ် တို့နဲ့ ပတ်သက်ပြီး မိမိထင်မြင်ချက်တွေကို ဆောင်းပါး၊ စာတမ်းတစ်ခုအနေနဲ့ ရေးသား ပေးပို့နိုင်ပါတယ်။

ရွေးချယ်ခံရတဲ့ စာမူတွေကို စီစစ်ပြီး စနစ်တကျ ပြန်လည်ဆွေးနွေးပေးခြင်းနဲ့အတူ စာမူခ ၅၀ ဒေါ်လာ ကိုရရှိမယ့်အပြင် ဇန်နဝါရီလမှာ ဆက်လက်ကျင်းပမယ့် /ရှိ ဆွေးနွေးပွဲနဲ့ အစီအစဉ်တို့အတွက်အထူး ဖိတ်ကြားခြင်းခံရမှာဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ထွက်မယ့် /ရှိ အိဇ္ဇဘီးရှင်း မှတ်တမ်းစာအုပ်မှာလည်း စာမူကိုပုံနှိပ်ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ စာမူပေးပို့ခြင်း စည်းမျဥ်းစည်းကမ်းများကို အောက်မှာဆက်လက်ဖတ်ရှုပေးပါ။

**စာမူပေးပို့နိုင်သူများ**

အခြားဘယ်နေရာမှာမှ ပုံနှိပ်ဖော်ပြခြင်းမရှိဖူးသော စာမူများဖြစ်ရပါမယ်။ လူမျိုး၊ ဘာသာ၊ ပညာရည်အချင်း၊ အသက်အရွယ်၊ လိင်ဖြစ်တည်မှု၊ နေရာဒေသမရွေး ပေးပို့နိုင်ပါတယ်။

**ဘာသာစကားနဲ့ စာလုံးအရေအတွက်**

မြန်မာဘာသာ (သို့မဟုတ်) အင်္ဂလိပ်ဘာသာ ဖြင့်ပေးပို့နိုင်ပါတယ်။ (ကိုယ်တိုင်ဘာသာပြန်ပြီး ဘာသာစကားနှစ်မျိုးလုံးဖြင့်ပေးပို့သူများကိုလည်း ဝမ်းမြောက်စွာ ကြိုဆိုပါတယ်။)
အင်္ဂလိပ်ဘာသာ – စာလုံးရေ အများဆုံး ၁၀၀၀
မြန်မာဘာသာ – font size 10, single-spaced, A4 ၃ မျက်နှာ

**ပေးပို့ရန်လိပ်စာနဲ့ ပေးပို့ရန်နောက်ဆုံးရက်**

အီးမေးလ်ရဲ့ အကြောင်းအရာမှာ “Shi Art Writing Open Call 2022” လို့ရေးပြီး info.ygnshi@gmail.comအီးမေးလ်လိပ်စာသို့အမည်/ကလောင်၊ ဖုန်းနံပါတ်၊ စာမူခေါင်းစဉ် ရေးကာ စာမူကို ဖိုင်တွဲပြီး ပေးပို့နိုင်ပါတယ်။

<u>နောက်ဆုံးပေးပို့ရမယ့်နေ့ – ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့</u>

*ရွေးချယ်ခံရတဲ့ စာမူများကို ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၇ရက်နေ့ မှာကျင်းပမယ့် “ဆက်လက်/ရှိ” အိဇ္ဇဘီးရှင်းမှာ ကြေညာသွားမှာ ဖြစ်ပါတယ်။*

# အနုပညာစာမူ စာတမ်းဖိတ်ခေါ်ခြင်း

# ART WRITING OPEN CALL



The */Shi* Exhibition team invites art writers locally and internationally to write/critique/analyze the */Shi* exhibition. Please submit a response to an exhibition, event, activity or trend relating to */Shi* and the Myanmar art scene at large.

Selected entries will receive professional feedback, an honorarium of $50, invitation to workshops and panels of */Shi* Exhibition continuing in January, as well as a featuring in the */Shi* Exhibition documentation to be published in 2023.

**Eligibility**

- The entries must not have been published before on any media platform.
- There is no age, education, gender or geographical restrictions.

**Language and Word Count**

- Burmese or English (You are more than welcome to translate your own work and submit in both languages)

*In English:* 1000 words (max)
*In Burmese:* font size 10, single-spaced A4 3 pages (max)

**Submission and deadline:**

Please send your submissions via email attachment to info.ygnshi@gmail.com with subject line “Shi Art Writing Open Call 2022” mentioning your name/pen name, phone number and title of essay.

<u>Deadline: 20 December, 2022</u>

*Selected entries will be announced at Resume /Shi event to be held on 7 January, 2023.*

DOH EAIN
renewing places

## ABOUT DOH EAIN (ဒိုအိမ် အကြောင်း)

Doh Eain is a participatory design practice based in Yangon, Myanmar, dedicated to making better cities. In a world of rapid urbanisation, we want to ensure that cities remain places with identity, and that they are liveable, inclusive and sustainable.

ဒိုအိမ် ဟာ ပိုမိုကောင်းမွန်တဲ့ မြို့ပြတွေ ပေါ်ပေါက်လာစေဖို့အတွက် အသုံးပြုသူများကိုယ်တိုင် ပါဝင်ဒီဇိုင်းရေးဆွဲနိုင်မှုကို ကြိုးစားပုံဖော်ဖန်တီးလျက်ရှိတဲ့ ရန်ကုန်မြို့အခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ မြို့ပြဖွံ့ဖြိုးမှုတွေ လျင်မြန်စွာတိုးတက်ပြောင်းလဲနေတဲ့ ယနေ့ကမ္ဘာကြီးမှာ ကျွန်တော်တို့ဟာ မြို့ပြရဲ့ကိုယ်ပိုင်ယဉ်ကျေးမှု ဂုဏ်အင်္ဂါရပ်တွေ မပျောက်ပျက်သွားစေဖို့ နောက်ပြီး ထိုမြို့တွေရဲ့ နေချင်စဖွယ်ဖြစ်မှု၊ အလုံးစုံပါဝင်မှု၊ ရေရှည်တည်တံ့မှုတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။

## RESTORATION (ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်း)



We protect buildings for local homeowners to help preserve heritage and create new income earning potential. Our newest programme, **Heritage Homes by Doh Eain**, now as operations in Myanmar, Georgia and the Philippines.

ကျွန်တော်တို့ဟာ ဒေသခံအိမ်ပိုင်ရှင်တွေရဲ့ အမွေအနှစ်အဆောက်အအုံတွေကို ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ပေးနေသလို တစ်ဖက်တစ်လမ်းက ဝင်ငွေရစေနိုင်မယ့် အလားအလာအသစ်တွေကိုလည်း အစဉ်ဖန်တီးပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ပရိုဂရမ်သစ်တစ်ခုဖြစ်တဲ့ **Heritage Home by Doh Eain** ဟာလည်း အခုဆိုရင် မြန်မာ၊ ဂျော်ဂျီယာနှင့် ဖိလစ်ပိုင်နိုင်ငံတွေမှာ စတင်လည်ပတ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

## PUBLIC OUTREACH (အများပြည်သူနှင့်ထိတွေ့ဆက်ဆံခြင်း)



We are building the next generation of city shapers, advocacy and campaigns for resilient cities and communities. Our **Young City Shapers** programme, is just one of the ways we're doing this.

ကျွန်တော်တို့ဟာ ရေရှည်တည်တံ့တဲ့ မြို့ပြတွေ၊ ရပ်ရွာလူမှုအသိုင်းအဝိုင်းတွေ အစဉ်မပြတ် ပေါ်ပေါက်လာစေဖို့အတွက် ပညာပေးလှုံ့ဆော်မှုများ၊ ကမ်ပိန်းများလုပ်ဆောင်ကာ မြို့ပြပုံဖော်ကြမယ့် နောက်မျိုးဆက်ကိုလည်း ဆက်လက်ပျိုးထောင်လျက်ရှိပါတယ်။ **Young City Shapers** (မြို့ပြပုံဖော်သူလူငယ်များ) အစီအစဉ်ဟာ ကျွန်တော်တို့ လုပ်ဆောင်လျက်ရှိတဲ့ စီမံကိန်းတွေထဲကတစ်ခုဖြစ်ပါတယ်။

Scan the QR code with your phone
to access digital */SHI* Exhibition Guide Book.

info.ygnshi@gmail.com
#ygn_shi

Artworks by

+RECONNECT

*Venues:*

- Goethe-Institut Myanmar
- Myanm/art
- Lokanat Galleries
- Kalasa Art Space
- The Ex Office (Doh Eain)
- Quiet on 47 (Doh Eain)
- Ayathakan